# မန္တလေး နေ့စဉ်

The Mandalay Daily


၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၉၂)၊ ၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၄ ရက် ၊ ၁၈-၆-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) ရှိ ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC)သို့ သွားရောက်လေ့လာ၊ ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် လိုက်ပါစီးနင်းရောက်ရှိ

နေပြည်တော် ဇွန် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) သို့ သွားရောက်လေ့လာကြသည်။

**စာမျက်နှာ ၃ သို့**

## မြန်မာ - ကမ္ဘောဒီးယား - ထိုင်း သုံးနိုင်ငံ လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပါက ပြည်ပခရီးသွားဝင်ရောက်မှု တိုးတက်လာမည်

ရန်ကုန် ဇွန် ၁၇

မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံ လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပါက မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှု တိုးတက်လာနိုင်ကြောင်း မဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ် ဆွေးနွေးမှုများအရ သိရသည်။



မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အမျိုးသားခရီးသွားလုပ်ငန်း တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များနှင့်

**စာမျက်နှာ ၅ သို့**

**ယနေ့ ဖတ်စရာ**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်

ကြေညာချက် စာ ၈


**ယနေ့ မိုးလေဝသ (၁၈-၆-၂၀၂၆)**

နေပြည်တော်
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်
မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန် ၁၈ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

# သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ နေထိုင်ကာ လူ့တန်ဖိုးကို ပြသသင့်

စည်းကမ်းကောင်းသည့် လူမျိုး၊ စည်းကမ်းလိုက်နာသည့် လူမျိုးတို့မှာ ကြီးပွားကြသည်၊ ချမ်းသာကြသည်၊ ကမ္ဘာ့အလယ်တွင် တင့်တယ်ကြသည်။ စည်းကမ်းမလိုက်နာသည့်လူမျိုး၊ စည်းမဲ့ကမ်းမဲ့သည့် လူမျိုးတို့မှာ ဆင်းရဲကြသည်။ သူတစ်ပါးနှင့်ယှဉ်လျှင် နောက်တန်းရောက်သည်။ စည်းကမ်းသည် လူ့အဖွဲ့အစည်းတစ်ရပ် တည်တံ့ရေး၊ ရှင်သန်ရေး၊ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအတွက် ချမှတ်ထားသည့် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်များပင်ဖြစ်သည်။ လူတစ်ယောက်ထက်ပို၍ ရှိသည့်နေရာတိုင်းမှာ ကျင့်ဝတ်စည်းကမ်းတို့ရှိသည်။ အစုအဖွဲ့ဟူ၍ ဖြစ်လာသည်နှင့် ကျင့်ဝတ်စည်းကမ်းတို့ အလိုလိုပေါ်ပေါက်လာသည်။ အများသဘောတူပြဋ္ဌာန်း၊ အများ သဘောတူလိုက်နာကြသည်နှင့်အမျှ တညီတညွတ်တည်းဖြစ်လာသည်။ လူ့အဖွဲ့အစည်း အဆင့်မြင့်လာသည်နှင့်အမျှ ကျင့်ဝတ် စည်းကမ်းများကို နေရာဌာနများစွာတို့တွင် လိုအပ်ချက်နှင့် ကိုက်ညီစွာ သတ်မှတ်ပြဋ္ဌာန်းကျင့်သုံးလာကြရသည်။

လူ့ဘောင်လောကတွင် စည်းကမ်းဟူသည် သတ်မှတ်ချက်၊ အကန့်အသတ်များကို မကျူးလွန် မချိုးဖောက်မိစေရန် ချမှတ်ထားသော အချက်များပင်ဖြစ်သည်။ စည်းကမ်းနှင့်အညီ လေးစားစွာ လိုက်နာနေထိုင်ခြင်းသည် လူ့တန်ဖိုးကို ဖော်ညွှန်းရာလည်းရောက်မည်ဖြစ်သည်။ လူတိုင်း၏ ဘဝကိုမြင့်မားအောင် ဖန်တီးပေးနိုင်သည့် အချက်မှာ စည်းကမ်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် စည်းကမ်းသည် လူ့တန်ဖိုးဟု ဖော်ညွှန်းပြသနေသည်။ ထို့ကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ရန်အတွက် လူ့တန်ဖိုးကို ပြသသင့်သည်။ စည်းကမ်းကို ငယ်စဉ်ကျောင်းသားလူငယ်အရွယ်ကပင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့်စွဲမြဲသွားလျှင် စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်တော့ပါ။ သာမန်လုပ်ကိုင်ဆောင်ရွက်နေရသကဲ့သို့ ပေါ့ပါးသွက်လက်လာမည်ဖြစ်သည်။ 'အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက' ဟူသော ဆောင်ပုဒ်သည် ပထမအရွယ် ကျောင်းသားဘဝကပင် စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ကြောင်းကို ညွှန်းဆိုနေခြင်းဖြစ် သည်။ ကျောင်းနေစဉ်အရွယ်၌ သတ်မှတ်ထားသော ကျောင်းဝတ်စုံဝတ်ဆင်ကြရသည်။ သတ်မှတ်ထားသော ကျောင်းချိန်အမီ အချိန်မှန်တက်ကြရမည်။ အချိန်မှန်ကျောင်းဆင်းကြရမည်။ ဤသည်တို့မှာ ကျောင်းသား၊ ကျောင်းသူတိုင်း လိုက်နာရမည့် အခြေခံစည်းကမ်းဖြစ်သည်။ ထို့ကြောင့် စည်းကမ်းလိုက်နာခြင်းဖြင့် တန်ဖိုးရှိသော လူများဖြစ်လာစေရန် ကြိုးစားနေထိုင်သင့်သည်။

ထို့ပြင် ဒုတိယအရွယ်တွင် ဥစ္စာရှာကြရမည်ဖြစ်သည်။ ထိုသို့ ဥစ္စာရှာဖွေရာတွင် အလုပ်ခွင်စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ တစ်ဖန် တတိယအရွယ်တွင် တရားဘာဝနာရှာဖွေကြရမည်ဖြစ်သည်။ တရားအားထုတ်ရန် တရားစခန်း၊ ရိပ်သာများကို သွားရောက်မည်ဆိုပါက သက်ဆိုင်ရာတရားစခန်း၏ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။ စည်းကမ်းဟူသည် လူတိုင်း၏ ကိုယ်ကျင့်တရားနှင့် ဆက်နွှယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ စည်းကမ်းရှိသူသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ စည်းကမ်းတကျနေထိုင်တတ်စေရန် အားပေးတတ်ကြသည်။ ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်နိုင်ရေး အစရှိသည့်ကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ ထိုသို့နေရာတိုင်းတွင် ချမှတ်၊ သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားကိုယ်တိုင် ဟောကြားဆုံးမတော်မူခဲ့သော ၃၈ ဖြာမင်္ဂလာတရားတော်တွင် စည်းကမ်းလိုက်နာခြင်းသည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ လူသားတိုင်းတွင် လူတို့လိုက်နာရန် စည်းကမ်းချက်များရှိပါသည်။ ထို့ကြောင့် ရတောင့်ရခဲသော လူ့ဘဝတွင် စည်းကမ်းလိုက်နာခြင်းဖြင့် တန်ဖိုးရှိသောသူများဖြစ်လာစေရန် ကြိုးစားနေထိုင်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံပညာအထက်တန်းကျောင်းများ၌ နေ့ထူးနေ့မြတ်နှင့် ကျောင်းတွင်းဖွံ့ဖြိုးရေး စာပေဟောပြောပွဲများ ကျင်းပနိုင်ရေးဆွေးနွေး

**မန္တလေး ဇွန် ၁၇**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အခြေခံပညာအထက်တန်းကျောင်းများတွင် နေ့ထူးနေ့မြတ်နှင့် ကျောင်းတွင်းဖွံ့ဖြိုးရေး စာပေဟောပြောပွဲများ ကျင်းပနိုင်ရေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၆ လမ်း၊ ၃၇ လမ်းထောင့်ရှိ စာရေးဆရာ၊ သတင်းစာဆရာ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၏နေအိမ်တွင် ကျင်းပရာ မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုး၊ နံ့သာမြေ-ကျော်မိုး(သနပ်ခါးမြို့တော်)၊ မြန်မာ့မီးရထား ရွှေဥဒေါင်းစာကြည့်တိုက်ဥက္ကဋ္ဌ ဦးစောကျော်နိုင်(စောချိုသာ)၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)နှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် စာရေးဆရာ၊ သတင်းစာဆရာ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားပြီး ပခုက္ကူ စာပေဆုရ ဦးမျိုးမင်းညိမ်း(ကိုကိုညိမ်း-မန်းတက္ကသိုလ်)က ၂၀၂၆-၂၀၂၇ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းများ၌ နေ့ထူးနေ့မြတ်နှင့် ကျောင်းဖွံ့ဖြိုးရေးစာပေဟောပြောပွဲ များ ကျင်းပနိုင်ရေးစီမံချက်ကို ရှင်းလင်းတင်ပြသည်။

စာပေဟောပြောပွဲ ဖိတ်ကြားမည့် စာသင်ကျောင်းများတွင် မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုး၊ နံ့သာမြေ-ကျော်မိုး(သနပ်ခါးမြို့တော်)က 'ရနံ့သင်းပျံ့သော မြန်မာ့သနပ်ခါး၏ ဂုဏ်သတ္တိ'၊ မြန်မာ့မီးရထား ရွှေဥဒေါင်းစာကြည့်တိုက်ဥက္ကဋ္ဌ ဦးစောကျော်နိုင်(စောချိုသာ)က 'ကဗျာယဉ်ကျေးမှု'၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က 'လူ့အလှကို ကြေးမုံပြင်မှာကြည့်၍၊ ဘဝအလှကို စာပေမှာကြည့်ပါ၊ အချိန်သည်၊ ပြည်တန်ပတ္တမြား၊ ချစ်သောမျက်စိဖြင့် လူသားတိုင်းထားရှိသင့်သော ဗြဟ္မစိုရ်စိတ်' တို့ကို ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

(၃၄၂)

## တောင်ကြီးမြို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဇွန် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်

**မန္တလေး ဇွန် ၁၇**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို တောင်ကြီးမြို့ ပြည်နယ်အားကစားခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ အမျိုးသားပွဲစဉ်များတွင် နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းအသင်းကို ၃ပွဲ-၁ပွဲ၊ မန္တလေးတိုင်းအသင်းက အိမ်ရှင်ရှမ်းပြည်နယ်အသင်းကို ၃ပွဲ-၂ပွဲ၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းအသင်းကို ၃ပွဲ-၁ပွဲနှင့် ချင်းပြည်နယ်အသင်းက ပဲခူးတိုင်းအသင်းကို ၃ပွဲ-၁ပွဲတို့ဖြင့် အသီးသီးယှဉ်ပြိုင်အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်သွားကြသည်။

အလားတူ ကွာတားဖိုင်နယ် အမျိုးသမီးပွဲစဉ်များတွင်လည်း ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းအသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းအသင်းက မွန်ပြည်နယ်အသင်းကို ၃ပွဲပြတ်၊ မန္တလေးတိုင်းအသင်းက ကရင်ပြည်နယ်အသင်းကို ၃ပွဲပြတ်နှင့် ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းအသင်းကို ၃ပွဲ-၁ပွဲတို့ဖြင့် အသီးသီးယှဉ်ပြိုင် အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ကြသည်။

အဆိုပါ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည့်အသင်းများသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် အမျိုးသား၊ အမျိုးသမီး ပထမအကြိုဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းအသင်း၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အမျိုးသား ပထမအကြိုဗိုလ်လုပွဲစဉ်တွင် မန္တလေးတိုင်းအသင်းနှင့် နေပြည်တော်အသင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ထိန်းချုပ်ဓာတုပစ္စည်းများ မြေမြှုပ်စွန့်ပစ်ဖျက်ဆီးရန် အေးရိပ်ငြိမ်ကွင်းတွင် မြေကျင်းများတူးရန် ပြင်ဆင်

**မန္တလေး ဇွန် ၁၇**

ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိန်းချုပ်ဓာတုပစ္စည်းများ မြေမြှုပ်စွန့်ပစ်ရန်အတွက် ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာ အေးရိပ်ငြိမ်ကွင်းတွင် မြေကျင်းများတူးရန် ပြင်ဆင်လျက်ရှိသည်။



ထိုသို့ မြေကျင်းများတူးမည့်နေရာကို အောင်မြေသာစံခရိုင် စီမံခန့်ခွဲမှုရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ဒုရဲမှူးကြီး ဦးစိန်ယု၊ အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စု မန္တလေး(တောင်ပိုင်း)ဒုရဲမှူး ဟိန်းမင်းဦး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဒုတိယဌာနမှူး ဒေါ်တင်တင်အောင်နှင့် တာဝန်ရှိသူများသည် ထိန်းချုပ်ဓာတုဆေးဝါးများ စွန့်ပစ်မည့်နေရာတွင် ၁၀ ပေ ပတ်လည် ၁၀ ပေအနက် မြေကျင်း ကိုးကျင်းတူးရန်မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ထိန်းချုပ်ဓာတုဆေးဝါးအမျိုးအစား လေးမျိုးကို ကျင်း ကိုးကျင်းဖြင့် မြေမြှုပ်စွန့်ပစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် CRCC မှ ဥက္ကဋ္ဌဖြစ်သူ Mr. Dai Hegen နှင့်အဖွဲ့တို့ မြန်မာနိုင်ငံနှင့် CRCC တို့အကြား ပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးစဉ်။

❐ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် CRCC သို့ ရောက်ရှိကြရာ CRCC မှ ဥက္ကဋ္ဌဖြစ်သူ Mr. Dai Hegen နှင့် အဖွဲ့ဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် CRCC ၏ပြခန်းကို လေ့လာကြရာ CRCC ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တရုတ်မီးရထားလမ်း တည်ဆောက်ရေးကော်ပိုရေးရှင်း(China Railway Construction Corporation Limited– CRCC) အနေဖြင့် ၁၉၄၈ ခုနှစ်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)ရထားလမ်းတပ်ဖွဲ့၌ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ခေတ်အဆက်ဆက် ဖြစ်ပေါ်တိုးတက်ခဲ့မှုများ၊ နိုင်ငံ့အကြီးအကဲများက မီးရထားတပ်ဖွဲ့အား အလေးထားခဲ့ကြပြီး တွေ့ဆုံမှုများ ဆောင်ရွက်ခဲ့ကြသည့် သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် အထောက်အထားများ၊ မြင့်မားသည့် မီးရထားတံတားများ၊ ဥမင်လိုဏ်ခေါင်း မီးရထားလမ်းများအား အခက်အခဲများကြားမှ တည်ဆောက်ဖောက်လုပ်ခဲ့သည့် မှတ်တမ်းများ၊ ပေကျင်းမြို့၏ ပထမဆုံး မြေအောက်မီးရထားလမ်း တည်ဆောက်ခဲ့မှုများ၊ မီးရထားတပ်ဖွဲ့၏ ပြည်ပစစ်မြေပြင်များတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့မှုသမိုင်းမှတ်တမ်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် မီးရထားလမ်းများ ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့မှုမှတ်တမ်းများ၊ မီးရထားလမ်းတပ်ဖွဲ့အဖြစ်မှ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲခဲ့မှုများ၊ ကျည်ဆန်ရထားများတည်ဆောက်ခဲ့မှုများ၊ မြေအောက်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် တရုတ်နိုင်ငံမှ ထုတ်လုပ်ထားသော ယာဉ်ယန္တရားစက်ကိရိယာများ၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၌ CRCC မှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြခန်းတစ်ခုချင်းစီအလိုက် မှတ်တမ်းအထောက်အထားများ၊ အထူးပြုလုပ်ချက်များ၊ ပုံစံငယ်များဖြင့် လိုက်လံရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် CRCC မှ ဥက္ကဋ္ဌဖြစ်သူ Mr. Dai Hegen တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**အရှည်ဆုံးကုန်းပြင်မြင့်ရထားလမ်းဖြစ်**

အဆိုပါ တရုတ်မီးရထားလမ်း တည်ဆောက်ရေးကော်ပိုရေးရှင်း (China Railway Construction Corporation Limited– CRCC)ကို ၁၉၄၈ ခုနှစ်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) ရထားလမ်းကော်ပိုရေးရှင်းအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ၁၉၉၀ ပြည့်နှစ်တွင် CRCC အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၀၃ ခုနှစ်၌ နိုင်ငံပိုင်ပစ္စည်းများ ကြီးကြပ်စစ်ဆေးရေးနှင့် စီမံခန့်ခွဲရေးကော်မရှင် (SASAC)၏ စီမံခန့်ခွဲမှုဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ကုမ္ပဏီကို ၂၀၀၇ ခုနှစ်တွင် အစုရှယ်ယာများဖြင့် ခေတ်မီကော်ပိုရေးရှင်းအသွင်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရှန်ဟိုင်းနှင့် ဟောင်ကောင် စတော့ခ်ဈေးကွက်တွင် စာရင်းသွင်းခဲ့ကြောင်း၊ CRCC သည် ယနေ့အချိန်အထိ မီးရထားလမ်းနှင့် အမြန်ရထားလမ်းပေါင်း ၁၃၀၀၀၀ ကီလိုမီတာကျော်၊ အဝေးပြေးလမ်းမ ၅၀၀၀၀ ကီလိုမီတာကျော်၊ တံတား ၂၈၀၀၀ ကီလိုမီတာကျော်၊ ဥမင်လိုဏ်ခေါင်း ၂၆၀၀၀ ကီလိုမီတာကျော်နှင့် အဆောက်အအုံပေါင်း ၁၂၀၀၀၀၀၀၀ စတုရန်းမီတာတို့ကို ကမ္ဘာ့နေရာအများအပြားတွင် တည်ဆောက်ခဲ့ကြောင်း၊ ထို့ပြင် CRCC ၏ လုပ်ငန်းခွဲများသည် အမေရိကတွင် ၂၄ ခု၊ အာဖရိကတွင် ၅၁ ခု၊ ဥရောပတွင် ၁၅ ခု၊ အာရှတွင် ၄၁ ခုနှင့် သမုဒ္ဒရာနိုင်ငံများတွင် ၁၀ ခု၊ ပြည်ပနိုင်ငံနှင့် ဒေသစုစုပေါင်း ၁၄၈ ခုတွင် အလုပ်သမားပေါင်း ၂၆၈၀၀၀ ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ CRCC မှ တည်ဆောက်ခဲ့သော အမြန်ရထားလမ်းများအနက် ကမ္ဘာ့အရှည်ဆုံး၊ အဆင့်အမြင့်ဆုံးနှင့် ရှုပ်ထွေးမှုအရှိဆုံး တစ်ဆက်တည်း အမြန်ရထားလမ်းအဖြစ် ပေကျင်း-ရှန်ဟိုင်း အမြန်ရထားလမ်းဖောက်လုပ်မှုတွင် ၄၆ ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အရှည်ဆုံးကုန်းပြင်မြင့် ရထားလမ်းဖြစ်သည့်

စာမျက်နှာ ၄ သို့

❝ မိမိတို့နိုင်ငံ၏ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်အနေဖြင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြောင်းနှင့် နှစ်နိုင်ငံသဘောတူညီချက်များကို အကောင်အထည်ဖော်သွားနိုင်ရေးအတွက်လည်း မိမိတို့အား မှာကြားထား၊ မြန်မာနိုင်ငံတွင် ရထားလမ်း၊ ကားလမ်းများ၊ မြေအောက်ရထားလမ်းများ၊ လေဆိပ်များ၊ Smart City များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့တွင် CRCC မှ တတ်ကျွမ်းသည့် နည်းပညာများဖြင့် အကျိုးပြုလို ❞

❖ CRCC မှ တည်ဆောက်ခဲ့သော အမြန်ရထားလမ်းများအနက် ကမ္ဘာ့အရှည်ဆုံး၊ အဆင့်အမြင့်ဆုံးနှင့် ရှုပ်ထွေးမှုအရှိဆုံး တစ်ဆက်တည်း အမြန်ရထားလမ်းအဖြစ် ပေကျင်း-ရှန်ဟိုင်း အမြန်ရထားလမ်းဖောက်လုပ်မှုတွင် ၄၆ ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အရှည်ဆုံးကုန်းပြင်မြင့်ရထားလမ်းဖြစ်သည့် ကျင်းဟိုင် - တိဘက် ရထားလမ်းဖောက်လုပ်မှုတွင် ၇၀ ရာခိုင်နှုန်းပါဝင်ခဲ့၊ တရုတ်နိုင်ငံမှတည်ဆောက်သည့် ပထမဆုံးနယ်စပ်ဖြတ်ကျော်ရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံရှိ ရထားကွန်ရက်နှင့်ချိတ်ဆက်ထားသည့် ကူမင်း - ဗီယင်ကျန်း မီးရထားလမ်းနှင့် ပေကျင်းမြေအောက်ရထားလိုင်းအမှတ် (၁) စသည်ဖြင့် နေရာအမျိုးမျိုးတွင် ဖောက်လုပ်ထားသည့် မီးရထားလမ်းများသည် လက်ရှိအချိန်အထိ အသုံးပြုလျက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) ရှိ ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။



စာမျက်နှာ ၃ မှ

ကျင်းဟိုင်-တိဘက် ရထားလမ်းဖောက်လုပ်မှုတွင် ၇၀ ရာခိုင်နှုန်းပါဝင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ တည်ဆောက်သည့် ပထမဆုံးနယ်စပ်ဖြတ်ကျော် ရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံရှိ ရထားကွန်ရက်နှင့် ချိတ်ဆက်ထားသည့် ကူမင်း-ဗီယင်ကျန်း မီးရထားလမ်းနှင့် ပေကျင်းမြေအောက် ရထားလိုင်းအမှတ် (၁) စသည်ဖြင့် နေရာအမျိုးမျိုးတွင် ဖောက်လုပ်ထားသည့် မီးရထားလမ်းများသည် လက်ရှိအချိန်အထိ အသုံးပြုလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ပူးပေါင်း၍ မီးရထားလမ်း ထိန်းသိမ်းပြင်ဆင်သည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

**အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်**

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် CRCC ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုကဲ့သို့ China Railway Construction Corporation Limited (CRCC)သို့ အချိန်ပေး၍ လာရောက်လေ့လာမှုအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဝန်ထမ်းပေါင်း ၃ သိန်းကျော်ကို ကိုယ်စားပြု၍ မိမိအနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး သမိုင်းကြောင်းရှည်လျားစွာဖြင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာလျက်ရှိနေပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမ္မတကြီး မစ္စတာရှီကျင့်ဖျင် အနေဖြင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြောင်းနှင့် နှစ်နိုင်ငံသဘောတူညီချက်များကို အကောင်အထည်ဖော်သွားနိုင်ရေးအတွက်လည်း မိမိတို့အား မှာကြားထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ရထားလမ်း၊ ကားလမ်းများ၊ မြေအောက်ရထားလမ်းများ၊ လေဆိပ်များ၊ Smart City များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း တို့တွင်

စာမျက်နှာ ၅ သို့

## လမ်းခရီးတစ်လျှောက် ကြည့်ရှုလေ့လာ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာစဉ်။

## ခရီးသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားမှုကိုလေ့လာ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် High-Speed Railway G23 ပေါ်၌ ခရီးသည်များ သက်သောင့်သက်သာဖြင့် ခရီးသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားမှုကို လေ့လာစဉ်။



စာမျက်နှာ ၄ မှ
CRCC မှ တတ်ကျွမ်းသည့်နည်းပညာများဖြင့် အကျိုးပြုလိုပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး CRCC သမိုင်းကြောင်းများနှင့် လက်ရှိဖြစ်ပေါ်တိုးတက်နေမှု အခြေအနေများ၊ စွမ်းဆောင်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံနှင့် CRCC တို့အကြား ပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် CRCC ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး နိုင်ငံတော်သမ္မတသည် China Railway Construction Corporation Limited (CRCC)မှ ပြန်လည်ထွက်ခွာရာ CRCC ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ South Railway Station မှ ရှန်ဟိုင်းမြို့ Hongqiao Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Hua Chunying ဦးဆောင်သည့် အစိုးရအဖွဲ့ဝင်များ၊ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏တစ်ဖက်တစ်ချက်တွင် နေရာယူအလေးပြု၍ နိုင်ငံတော်သမ္မတအား ပို့ဆောင်နှုတ်ဆက်သည်။


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ရှန်ဟိုင်းမြို့ Hongqiao Railway Station ၌ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်သမ္မတသည် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေး စနစ်ဖွံ့ဖြိုးတိုးတက်မှုများ၊ ရထားလမ်းနယ်များ စနစ်တကျရှိမှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ၊ လူနေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားရှိမှုများ၊ Green Energy အသုံးပြုထားရှိမှုများ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ရထားလမ်းကြောင်းတစ်လျှောက် သစ်ပင်များအား ပင်ခြား၊ တန်းခြားမှန်ကန်စွာဖြင့် စိုက်ပျိုးထားရှိမှုများ စသည်တို့ကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မေးမြန်းလေ့လာဆွေးနွေး**

ထို့ပြင် နိုင်ငံတော်သမ္မတသည် High-Speed Railway G23 ပေါ်၌ စားသောက်ဖွယ်ရာများ ဝန်ဆောင်မှုပေးထားမှုများ၊ ခရီးသည်များ သက်သောင့်သက်သာဖြင့် ခရီးသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားမှုများကိုလည်း မြန်မာ့မီးရထားဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရာတွင် အတွေ့အကြုံယူအသုံးပြုနိုင်ရေးအတွက် မေးမြန်းလေ့လာဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ Hongqiao Railway Station သို့ ရောက်ရှိကြရာ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုမည့် ရှန်ဟိုင်းမြို့ Fairmont Peace ဟိုတယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ ဟိုတယ်သို့သွားရောက်ရာလမ်းတစ်လျှောက်၌ ရှန်ဟိုင်းမြို့ဒေသခံများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးယာဉ်တန်းအား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်းနှင့် ဟိုတယ်သို့ရောက်ရှိချိန်တွင်လည်း တာဝန်ရှိသူများက တီးဝိုင်းငယ်ဖြင့် တီးမှုတ်၍ ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ မန္တလေး နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(စစ်ကိုင်း)တို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၇**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီးရှိ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း)သို့ သွားရောက်ကာ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သော အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှု၊ တက္ကသိုလ်များတွင် သင်ကြားသင်ယူဆောင်ရွက်နေမှု၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံ၊ စာကြည့်တိုက်နှင့် ICT အသုံးပြု၍ သင်ကြားသင်ယူမှုများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် Data Center ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး သည် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံရာတွင် ပါမောက္ခချုပ်များက ကျောင်းဆိုင်ရာ ကိစ္စရပ်များ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား၍ တက္ကသိုလ်ဥပမိရပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ သင်ကြားသင်ယူမှု ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ဘောလုံးကွင်း၊ အားကစားရုံနှင့် ကန်တင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၇**

စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်လူရွယ်များအနေဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိလာနိုင်စေရေး၊ စာပေဖတ်ရှုခြင်းမှ အသိပညာ ဗဟုသုတများရရှိလာနိုင်စေရေး၊ ရရှိလာသည့် အသိပညာဗဟုသုတများကို မိမိတို့ပတ်ဝန်းကျင်တွင် မျှဝေပေးနိုင်ရေး၊ အသိပညာရရှိစေသည့် စာအုပ်၊ စာပေများကို ရွေးချယ်ဖတ်ရှုလာနိုင်စေရေး၊ လူငယ်လူရွယ်များ ဗလငါးတန်နှင့် ပြည့်စုံလာနိုင်စေရေးတို့အတွက် ရည်ရွယ်၍ ယခုလို စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ်ရုံး ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူငါးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

၀-၀-၀-၀-၀

၀-၀-၀-၀

ရှေ့ဖုံးမှ
မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးကြသည့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်ကို ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပလျက်ရှိသည်။

"မြန်မာနိုင်ငံရဲ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးဖို့ဆိုရင် ခရီးသွားဝင်ရောက်မှုများတဲ့ နိုင်ငံတွေနဲ့ တိုက်ရိုက်လေကြောင်းပြေးဆွဲမှုလိုပါတယ်။ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့ တိုက်ရိုက်ခရီးစဉ် ပျံသန်းပြေးဆွဲနိုင်ဖို့ ကြိုးပမ်းနေတာ ရှိပါတယ်။ ကမ္ဘောဒီးယားနိုင်ငံရဲ့ အန်ကောဝပ်ဘုရားကျောင်းကို နှစ်စဉ် ခရီးသွား ၅ သန်းနီးပါး ဝင်ရောက်နေတဲ့အတွက် အဲဒီကနေ မြန်မာနိုင်ငံကို တိုက်ရိုက်လေကြောင်းလိုင်းရှိမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အသည်းနှလုံး ပုဂံအပါအဝင် အခြားခရီးသွား ဒေသတွေကို ခရီးသွားတဖွဲဖွဲ ဝင်ရောက်လာမှာပါ။ အဲဒီအစီအစဉ်ကို မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မယ် ဆိုရင် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးလာမှုကို အထောက်အပံ့ ဖြစ်စေမှာပါ"ဟု မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ပြောသည်။

မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံသည် နိုင်ငံချင်း ဆက်စပ်တည်ရှိပြီး ယဉ်ကျေးမှုပိုင်းဆိုင်ရာ ဆက်နွှယ်မှုတို့ကြောင့် နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားမှုများသည့် ခရီးစဉ်ဒေသများဖြစ်သည့်အတွက် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ခရီးသွားအေဂျင်စီများက သုံးနိုင်ငံ လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲနိုင်ရေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

ရေစီးရေလာကောင်းဖို့ရာ ရေနုတ်မြောင်းမှာ အမှိုက်ပစ်တာ ဆင်ခြင်ပါ။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ရှန်ဟိုင်းမြို့ မြို့တော်ဝန် မစ္စတာ ကုန်းကျန့် လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ရှန်ဟိုင်းမြို့ မြို့တော်ဝန် လာရောက်ဂါရဝပြုတွေ့ဆုံ

- မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ မြှင့်တင်နိုင်ရေးတို့အတွက်ရည်ရွယ်၍ တရုတ်နိုင်ငံသို့ လာရောက်ရခြင်းဖြစ်
- နှစ်နိုင်ငံအကြား ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ကူးလူးဆက်ဆံမှုသမိုင်းကြောင်းကောင်းများလည်းရှိပြီးဖြစ်
- မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိ
- တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်ဖိတ်ခေါ်လို

နေပြည်တော် ဇွန် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ ယနေ့ မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့၊ မြို့တော်ဝန် မစ္စတာ ကုန်းကျန့်က ခေတ္တတည်းခိုလျက်ရှိသည့် Fairmont Peace ဟိုတယ်ရှိ Peace ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ် (State Visit) လာရောက်မှုအပေါ် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ရှန်ဟိုင်းမြို့ဆိုင်ရာ အချက်အလက်များ၊ ရှန်ဟိုင်းမြို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာ စီးပွားရေးဗဟို၊ အပြည်ပြည်ဆိုင်ရာငွေကြေးဗဟို၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဗဟို၊ အပြည်ပြည်ဆိုင်ရာပို့ဆောင်ရေးဗဟိုနှင့် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်ရေးဗဟိုမြို့အဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ မြှင့်တင်နိုင်ရေးတို့အတွက် ရည်ရွယ်၍ တရုတ်နိုင်ငံသို့ လာရောက်ရခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ကူးလူးဆက်ဆံမှုသမိုင်းကြောင်းကောင်းများလည်းရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိကြောင်း၊

စာမျက်နှာ ၇ သို့





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှန်ဟိုင်းမြို့ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက် သင်္ဘောဖြင့်လိုက်ပါစီးနင်း၍ ရှန်ဟိုင်းမြို့၏ ညပိုင်းမြို့ပြဖွံ့ဖြိုးတိုးတက်မှုအလှများကို ကြည့်ရှုလေ့လာစဉ်။



*စာမျက်နှာ ၆ မှ*

တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်ဖိတ်ခေါ်လိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရှန်ဟိုင်းမြို့တော်ဝန်တို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုညစာကိုသုံးဆောင်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်တို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြပြီး ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါ၍ ရှန်ဟိုင်းမြို့ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက် သင်္ဘောဖြင့် လိုက်ပါစီးနင်း၍ ရှန်ဟိုင်းမြို့၏ ညပိုင်းမြို့ပြဖွံ့ဖြိုးတိုးတက်မှု အလှများကို လေ့လာကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ ဟွမ်းဖုဆိပ်ကမ်းသို့ ရောက်ရှိလာရာ ရှန်ဟိုင်းမြို့မှ အမြင့်ဆုံးတာဝါဖြစ်သည့် Oriental Tower မှ တာဝန်ခံနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် Oriental Pearl 2 အမည်ရှိ သင်္ဘောပေါ်သို့ ရောက်ရှိကြရာ ဧည့်ခန်းမဆောင်အတွင်း၌ Oriental Tower မှ တာဝန်ခံဖြစ်သူက ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်ရှိ အဆောက်အအုံများ၏ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

**ပြန်လည်မေးမြန်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်၌ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြစ်ကြောင်းထိန်းသိမ်းထားရှိမှု အခြေအနေများ၊ ရှန်ဟိုင်းမြို့ ဒေသခံများ၏ အပန်းဖြေအနားယူနေမှုနှင့် လူမှုဘဝ လှုပ်ရှားသွားလာနေမှုများအား ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရှန်ဟိုင်းမြို့မှ အမြင့်ဆုံးတာဝါဖြစ်သည့် Oriental Tower ကို ညပိုင်းမီးအလှများဖြင့် ဟွမ်းဖုမြစ်အတွင်းမှ တွေ့ရစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(နဝမနေ့)သို့ လာရောက်လေ့လာသည့် ရာမညနိကာယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏပါလ အား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေး (နဝမနေ့) အစည်းအဝေး ကျင်းပနေမှုကိုလာရောက်လေ့လာသည့် မွန်ပြည်နယ် ရေးမြို့နယ် အတွင်းရှိရာမညနိကာယကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဉာဏပါလ ဦးဆောင်သော (၈) ဦးပါ အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ ဖူးမြော်တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေပြုရေးလုပ်ငန်းသည် လွှတ်တော်၏ အဓိက တာဝန်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူများကို ဥပဒေ၏ အကာအကွယ်အောက်တွင် အေးချမ်းလုံခြုံစွာ နေထိုင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများက ၎င်းတို့၏ သဘောထားဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်လိုက်သည့် သူများဖြစ်သည့်အတွက် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစေရေး ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ ယခုရက်ပိုင်း လွှတ်တော် အစည်းအဝေးများတွင်လည်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကဲ့သို့သော ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို လွှတ်တော်မှတစ်ဆင့် ဝန်ကြီးဌာနများသို့ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုသည့် ဆောင်ရွက်ချက်များကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မဲဆန္ဒနယ်အလိုက် လွှတ်တော် ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထားရှိ၍ ရပ်ရွာဒေသအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနီးကပ် ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း၊ ဒေသဆိုင်ရာ လိုအပ်ချက်များနှင့် ဘာသာရေး၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များရှိပါကလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှတစ်ဆင့် မိန့်ကြားဆောင်ရွက်နိုင်ပါကြောင်း လျှောက်ထားပြီး ယခုလို လွှတ်တော်သို့ စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက်လည်း အထူးဝမ်းမြောက်ပါကြောင်းနှင့် လာရောက် လေ့လာလိုသည့် လူ၊ ပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ လွှတ်တော်လေ့လာရေးခရီးစဉ်များ လာရောက်နိုင်ရေး အတွက်လည်း လွှတ်တော်မှ ဖိတ်ကြားဆောင်ရွက်ခြင်းနှင့် လွှတ်တော် Website များ တည်ထောင် ဖွင့်လှစ်ခြင်းအပြင် အခြား Social Media များမှလည်း လွှတ်တော်အကြောင်းကို ပိုမိုသိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် မွန်ပြည်နယ် ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းတို့ တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မကွေး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ယမန်နေ့က မကွေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်သည် လွန်မြတ်ကန်ကျေးရွာအုပ်စု ကန်သစ်ကျေးရွာလုပ်ငန်းခွင်သို့ တာဝန်ရှိသူများနှင့် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးနှင့် မကွေးမြို့နယ် ဦးစီးအရာရှိ(မြို့ပြ)တို့က မကွေး-ရေနံ့ချောင်းလမ်းမှ ကန်သစ်ကျေးရွာလမ်းပေါ်၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်ရေကျော် တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၀၀ သန်းဖြင့် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်း တည်ဆောက်နေမှုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert တစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ လုပ်ငန်းများအား ဇွန် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာ ငါး ရွာ၊ အိမ်ခြေ ၁၂၂၈ အိမ်၊ လူဦးရေ ၅၆၇၈ ဦးတို့၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်စိုင်မင်း(ပြန်/ဆက်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်း သမ္မတ မစ္စတာရှီကျင့်ဖျင် နှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တို့သည် တွေ့ဆုံဆွေးနွေးစဉ် တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရန်၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးကို ပိုမိုခိုင်မာလေးနက်မှုရှိစေရန် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကာ အရေးကြီးသော သဘောတူညီချက်များ ရရှိခဲ့ကြပါသည်။ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီချန်းနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျောက်လဲ့ကျိတို့သည်လည်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် သီးခြားစီတွေ့ဆုံခဲ့ကြပါသည်။

၂။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် လွန်ခဲ့သည့် (၇၆)နှစ်မှစတင်ကာ တစ်နိုင်ငံအပေါ် တစ်နိုင်ငံ စိတ်ရင်းမှန်ဖြင့် ယုံကြည်အားထားကြပြီး အပြန်အလှန် ပံ့ပိုးကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းများဖြစ်ခဲ့ကြကြောင်း နှစ်ဖက်လုံးက အလေးထားပြောကြားခဲ့ကြသည်။ နှစ်နိုင်ငံလုံးသည် တန်းတူရည်တူရှိမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုကို အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ကြပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားများကာကွယ်စောင့်ရှောက်ရေးတွင် တစ်နိုင်ငံကိုတစ်နိုင်ငံ ခိုင်မာစွာ ပံ့ပိုးကူညီခဲ့ကြသည်။ ဒေသတွင်းနှင့် နိုင်ငံတကာအခင်းအကျင်းတွင် ကြီးမားလေးနက်သော ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည့်အခြေအနေကို ထောက်ရှု၍ နှစ်ဖက်လုံးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကိုစောင့်ထိန်းရန်၊ တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုလက်ဆင့်ကမ်းသယ်ဆောင်ရန်၊ တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆွေးနွေးမှုနှင့် နှစ်ဖက် အကျိုးဖြစ်ထွန်းမှုတို့အပေါ်အခြေခံ၍ ကဏ္ဍစုံတွင် လက်တွေ့ကျပြီး အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်ရန်၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကို ဆက်လက်မြှင့်တင်သွားရန်နှင့် နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သောအကျိုးကျေးဇူးများ ဖော်ဆောင်ပေးရန် သဘောတူညီခဲ့ကြသည်။

၃။ နှစ်ဖက်လုံးက တစ်နိုင်ငံ၏ အဓိကအကျိုးစီးပွားနှင့် အလေးထားရမည့် အရေးကိစ္စရပ်များတွင် အပြန်အလှန်ခိုင်မာစွာ ဆက်လက်ပံ့ပိုးကူညီသွားကြမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့်အပေါ် တရုတ်နိုင်ငံဘက်မှ ကြိုဆိုပြီး နိုင်ငံအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖော်ဆောင်ရန် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

တရုတ်နိုင်ငံဘက်မှမြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေးအခြေအနေများနှင့်ကိုက်ညီပြီး ပြည်သူလူထုက ထောက်ခံအားပေးသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတိုင်း ဦးတည်သွားနေခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖော်ဆောင်မှုကိုလည်းကောင်း ခိုင်မာစွာ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘက်မှ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံတစ်နိုင်ငံတည်းသာ ရှိကြောင်း၊ ထိုင်ဝမ်သည် တရုတ်နိုင်ငံပိုင်နက်၏ ခွဲခြား၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရသည် တရုတ်နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုသည့်တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်ကြောင်း အသိအမှတ်ပြုလျက်၊ "တရုတ်နိုင်ငံတစ်နိုင်ငံတည်းမူဝါဒ"ကို ကိုင်စွဲထားသည့်အတိုင်း ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပြုခဲ့သည်။ မြန်မာနိုင်ငံသည် မည်သည့်ပုံစံဖြင့်မဆို ပြုလုပ်သည့် "ထိုင်ဝမ်လွတ်လပ်ရေး" ဆောင်ရွက်မှုများကို ဆန့်ကျင်ပြီး ထိုင်ဝမ်နှင့် မည်သည့်တရားဝင် ဆက်သွယ်မှုမျိုးကိုမျှ ပြုလုပ်မည်မဟုတ်ကြောင်းနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ ၏ အာဏာသက်ရောက်မှုသည် အငြင်းပွားဖွယ်ရာမရှိကြောင်း အလေးထားပြောကြားလျက် နိုင်ငံပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်အစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်အားလုံးကို ခိုင်မာစွာ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဟောင်ကောင်၊ ရှင်ကျန်းနှင့် ရှီးကျန့်တို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို တရုတ်နိုင်ငံ၏ ပြည်တွင်းရေးအဖြစ် မှတ်ယူပြီး အဆိုပါကိစ္စရပ်များအပေါ် တရုတ်ဘက်၏ တရားမျှတသော ရပ်တည်ချက်ကို ခိုင်မာစွာ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် ကာလရှည်ကြာစွာ တစိုက်မတ်မတ်နှင့် မူဝါဒပိုင်းဆိုင်ရာ ကတိကဝတ်ပြုထားမှုအပေါ် တရုတ်နိုင်ငံဘက်မှ များစွာတန်ဖိုးထား အသိအမှတ်ပြုပါသည်။ တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ ခိုင်မာသည့် ထောက်ခံအားပေးမှုအပေါ် တရုတ်နိုင်ငံက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မည်သည့်နိုင်ငံကမျှ ယင်းတို့၏နယ်မြေအား အခြားတစ်နိုင်ငံ၏ လုံခြုံရေးအကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် လုပ်ငန်းဆောင်ရွက်မှုများအတွက် အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း နှစ်ဖက်လုံးက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၄။ မြန်မာနိုင်ငံဘက်မှ သမ္မတ ရှီကျင့်ဖျင်၏ လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရေး အဆိုပြုချက်များအပြင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှု အစီအမံနှင့်ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုဆိုင်ရာအစီအမံတို့အပေါ် အလေးအနက် တန်ဖိုးထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ မူဘောင်များသည် လူသားမျိုးနွယ် တစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖြစ်ထွန်းမှုတို့ကို သိသာထင်ရှားစွာ အထောက်အကူပြုကြောင်း မှတ်တမ်းတင် အသိအမှတ်ပြုပါသည်။ နှစ်ဖက်လုံးက အထက်ဖော်ပြပါအယူအဆများနှင့် အစီအမံများအကောင်အထည်ဖော်မှုကို မြှင့်တင်ရန် ရည်မှန်းထားပြီး ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ရာတွင် တက်ကြွစွာပါဝင်ပံ့ပိုးသွားရန် သဘောတူညီခဲ့ကြသည်။

၅။ နှစ်ဖက်လုံးသည် နိုင်ငံရေးအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှု၊ နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်မှု၊ ဟန်ချက်ညီပြီး အပြန်အလှန် အားဖြည့်ပေးမည့် လုံခြုံရေးနှင့်အပြန်အလှန် ပေါင်းစည်းပေးမည့် ကူးလူးဆက်ဆံမှုများ ဖော်ဆောင်လျက်၊ အပြန်အလှန် အကျိုးစီးပွား ဖြစ်ထွန်းစေမှု၊ တန်းတူညီမျှရှိရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုဟူသော ရည်မှန်းချက်များအပေါ် အခြေခံ၍ "တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း"ကိုအတူတကွပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သည်။ နှစ်ဖက်လုံးက အဆင့်တိုင်းတွင် နီးကပ်သည့်ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းသွားရန်၊ အုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံဖလှယ်မှုများကိုတိုးမြှင့်သွားရန်နှင့် အစိုးရ၊ ဥပဒေပြုလွှတ်တော်နှင့် ဒေသန္တရအာဏာပိုင်အချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးက ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို အချိန်မီပြီးပြတ်စေရေးဆောင်ရွက်ရန်နှင့် လက်မှတ်ရေးထိုးရန် အလေးထားကြပြီး အဆင်သင့်ရှိကြောင်း ဖော်ပြခဲ့ကြသည်။ နှစ်ဖက်လုံးသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်မှုကို မြှင့်တင်ရန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် မန္တလေး-မူဆယ် ရထားလမ်းကဲ့သို့သော အဓိကစင်္ကြံ စီမံကိန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မပျက် ပုံမှန်မြှင့်တင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ဤစီမံကိန်းများကို အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ စီးပွားရေးအရ ဖြစ်မြောက်နိုင်စွမ်းရှိမှု၊ ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု စသည့်အခြေခံမူများဖြင့် လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံလုံး၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံ၏ အခြေအနေရပ်များနှင့် အပြည့်အဝကိုက်ညီမှု ရှိစေမည်ဖြစ်သည်။ ထို့ပြင် နှစ်ဖက်လုံးသည် တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို အကျိုးရှိစွာအသုံးချကာ လျှပ်စစ်ဓာတ်အားလိုင်း အပြန်အလှန်ချိတ်ဆက်မှုကို အရှိန်အဟုန်မပျက် ပုံမှန်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော စွမ်းအင်မိတ်ဖက်ဆက်ဆံရေးကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ ဆက်လက်ပေးအပ်သွားရန် ဆန္ဒရှိကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး၊ ယင်းအပေါ် မြန်မာနိုင်ငံဘက်မှ ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

နှစ်ဖက်လုံးက စီးပွားရေးအရ လက်တွေ့ကျသည့် အပြန်အလှန်ဖြည့်ဆည်းပေးနိုင်မှုများကို အမြင့်ဆုံးမြှင့်တင်ရန် သတ္တုတွင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဉာဏ်ရည်တုကဲ့သို့သောကဏ္ဍများတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လေးနက်စွာ ဆောင်ရွက်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးက နှစ်ဖက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို အထောက်အကူပြုစေရန် စိုက်ပျိုးရေး၊ သစ်တောရေးရာနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ အရည်အသွေးမြင့် ထုတ်ကုန်များအတွက် ကန့်သတ်စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ ဝင်ရောက်ခွင့်များကို လွယ်ကူချောမွေ့စေရန်နှင့် နှစ်နိုင်ငံအကြား ခေတ်မီအကောက်ခွန်စီမံခန့်ခွဲမှုဆိုင်ရာများကို ရှာဖွေဖော်ထုတ်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးသည် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်သဘောပေါက်မှု မြှင့်တင်ရန်နှင့် နှစ်ဖက်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို အထောက်အကူပြုစေရန်အတွက် ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလာရေး၊ ကျန်းမာရေး၊ လူငယ်ရေးရာ၊ မီဒီယာနှင့် လူသားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် နှစ်ဖက်လုံးက နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်တိုးတက်လာမှုကို မှတ်တမ်းတင်ခဲ့ကြပြီး ကုန်သွယ်မှုကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန်နှင့် ကဏ္ဍစုံအသွင်ပြောင်းလဲလာစေရန်အတွက် ကြီးမားသော အလားအလာများရှိကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ နှစ်ဖက်လုံးက တရုတ်ယွမ်-မြန်မာကျပ် တိုက်ရိုက်ပေးချေမှုယန္တရားကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့အောင် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့အတူ စိုက်ပျိုးရေး အခြေခံထုတ်ကုန်ထုတ်လုပ်ခြင်း၊ ရေနံနှင့် စွမ်းအင်ကဏ္ဍကဲ့သို့သော နှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများတွင် ပိုမိုနီးကပ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ပံ့ပိုးကူညီသွားကြရန် ဆန္ဒပြုခဲ့ကြသည်။

နှစ်ဖက်လုံးသည် မြန်မာနိုင်ငံရှိ "တရုတ်နိုင်ငံရပ်ခြားစစ်ဆင်ရေးတပ်" (Chinese Expeditionary Force) အထိမ်းအမှတ် အဆောက်အအုံများ စနစ်တကျ ပြန်လည်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးတို့ကို သေချာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံ၏ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ကြွစွာ ကူညီပံ့ပိုးပေးမည်ဖြစ်သည်။ ယခင်က ပံ့ပိုးကူညီခဲ့သည့် အရေးပေါ် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးပံ့ပိုးမှုများအပြင် တတ်နိုင်သမျှကို ဆက်လက်ပံ့ပိုးကူညီရန် ဆန္ဒရှိသည်။ နှစ်ဖက်လုံးသည် ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်းကဲ့သို့သော အထင်ကရ အထိမ်းအမှတ်စီမံကိန်းများ ပြန်လည်မွမ်းမံတည်ဆောက်ရေးကို ပူးတွဲမြှင့်တင်သွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးစေရေး၊ ဆေးဝါးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ပြည်သူလူထုဗဟိုပြု လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားကာ ပြည်သူများ၏ လူမှုစီးပွားဘဝကို အကျိုးပြုမည့် "သေးငယ်သော်လည်း ထိရောက် ကောင်းမွန်သော" (Small but Beautiful) အကူအညီပေးရေးစီမံကိန်းများကို ပိုမိုရှာဖွေ ဖော်ထုတ်သွားမည်ဖြစ်သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

မြန်မာနိုင်ငံဘက်မှ ငလျင်အပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံ၏ ဆက်လက်ပံ့ပိုးကူညီမှုများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ပံ့ပိုးမှုများအပေါ် လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံဘက်မှ နှစ်ဖက်သဘောတူညီထားသည့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများမှတစ်ဆင့် တရုတ်နိုင်ငံ၏ ဆက်လက်ပံ့ပိုးကူညီမှုများကို ကြိုဆိုခဲ့သည်။ နှစ်ဖက်လုံးသည် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလေးနက်မှုရှိစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံလုံး၏ ဘုံသာယာဝပြောရေးကို အထောက်အကူပြုစေရန် ရည်ရွယ်လျက်၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးကဏ္ဍများနှင့်အညီ နှစ်ဖက်သဘောတူညီထားသည့် အခြေခံအဆောက်အအုံ၊ ပြည်သူ့ဝန်ဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးသည် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံကို အကောင်အထည်ဖော်ရန် နည်းလမ်းနှင့် နည်းစနစ်များကို ပူးတွဲလေ့လာရှာဖွေသွားမည်ဖြစ်ပြီး ဘုံဖြစ်သော၊ ဘက်စုံလွှမ်းခြုံသော၊ ပူးပေါင်းဆောင်ရွက်တတ်သော၊ ရေရှည်တည်တံ့သော လုံခြုံရေးအမြင်ကို ဆက်လက်စောင့်ထိန်းရန်၊ တရုတ်-မြန်မာလုံခြုံရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ဆွေးနွေးပွဲများနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစီမံအုပ်ချုပ်မှုကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်နည်းလမ်းများ ရှာဖွေသွားရန် သဘောတူညီခဲ့ကြသည်။ နှစ်ဖက်လုံးသည် တယ်လီဖုန်းနှင့် သတင်းအချက်အလက် နည်းပညာသုံးလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့ဖွဲ့စည်းခြင်းကို ထောက်ခံကြသည်။ နှစ်ဖက်လုံးသည် အွန်လိုင်းလောင်းကစားမှု၊ တယ်လီဖုန်းနှင့် သတင်းအချက်အလက်နည်းပညာသုံးလိမ်လည်မှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ လူကုန်ကူးမှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် အတုအပပြုလုပ်မှု၊ မှောင်ခိုကုန်သွယ်မှုနှင့် ငွေကြေးဆိုင်ရာ လိမ်လည်မှုများကဲ့သို့သော နယ်စပ်ဖြတ်ကျော်ပြစ်မှုဆိုင်ရာ လှုပ်ရှားမှုများကို နှိမ်နင်းရန်အတွက် နှစ်နိုင်ငံနှင့် ဘက်စုံဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။ နှစ်ဖက်လုံးသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ တစ်ဖက်နိုင်ငံ၏ နိုင်ငံသားများနှင့် အဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီး "ရပ်ဝန်းနှင့် ပိုးလမ်းမ" တည်ဆောက်မှုအတွက် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ နိုင်ငံအတွင်းရှိ တရုတ်စီမံကိန်းများ၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ရှေ့ဆက်ဖော်ဆောင်နေခြင်းအပေါ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှလည်း ဤကိစ္စရပ်တွင် အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်စေရေးအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သည့် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်။ နှစ်ဖက်လုံးက နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိန်းသိမ်းရန်အတွက် ဆက်သွယ်ညှိနှိုင်းမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။

၆။ နှစ်ဖက်လုံးသည် ကုလသမဂ္ဂကို ဗဟိုပြုသော နိုင်ငံတကာစနစ်၊ နိုင်ငံတကာဥပဒေကို အခြေခံသော နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ် အခြေခံသော နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အခြေခံစံနှုန်းများကို ခိုင်မာစွာစောင့်ထိန်းရန် သဘောတူညီခဲ့ကြသည်။ နှစ်ဖက်လုံးသည် အားလုံးပါဝင်နိုင်ပြီး မျှတ၍ စနစ်ကျသော ကမ္ဘာ့အင်အားစုအများအပြားရှိသည့် (Multipolar) ကမ္ဘာကြီးဖြစ်ထွန်းလာစေရန်နှင့် အားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် အားလုံးပါဝင်နိုင်သော စီးပွားရေးကမ္ဘာလုံးဆိုင်ရာ ဖြစ်တည်မှုကို မြှင့်တင်ရန် သဘောတူညီထားသည်။ နှစ်ဖက်လုံးသည် တစ်ဦးတည်းမူဝါဒကျင့်သုံးခြင်း (Unilateralism)၊ မိမိစီးပွားရေးကိုသာ ကာကွယ်သောဝါဒ (Protectionism) ပုံစံအားလုံးကိုဆန့်ကျင်ကြပြီး သီးသန့် "အစုအဖွဲ့ငယ်များ" (Small circles) ဖွဲ့စည်းခြင်း၊ အုပ်စုဖွဲ့ထိပ်တိုက်ရင်ဆိုင်မှုများကို လှုံ့ဆော်ခြင်း၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည့် စစ်ဝါဒအပေါ် ထောက်ခံအားပေးခြင်း(back of militarism)နှင့် အခြားသောဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုအန္တရာယ်ဖြစ်စေသည့် လုပ်ရပ်များကိုပယ်ချကာ ဒုတိယကမ္ဘာစစ်၏ အောင်ပွဲနှင့် စစ်ပြီးခေတ် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ နှစ်ဖက်လုံးသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန် အရေးပါကြောင်း အလေးထားပြောကြားခဲ့ကြပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဆွေးနွေးမှု၊ အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍ ချဉ်းကပ်ဆောင်ရွက်သင့်ကြောင်းနှင့် နိုင်ငံများအကြား တင်းမာမှုများကို ပိုမိုပြင်းထန်စေနိုင်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ရှောင်ရှားရန် လိုအပ်ကြောင်းကိုလည်း အလေးအနက်ထား ပြောကြားခဲ့ကြသည်။

တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံအနေဖြင့် "ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ မိတ်ဆွေများအဖွဲ့" (Group of Friends of the Global Development Initiative) သို့ ပါဝင်ခဲ့ခြင်းအပေါ် အသိအမှတ်ပြုပါသည်။ နှစ်ဖက်လုံးသည် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အကောင်အထည်ဖော်မှုကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံအောက်တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန် အသင့်ရှိကြသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံအနေဖြင့် "ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှု အစီအမံမိတ်ဆွေများအဖွဲ့" (Group of Friends of Global Governance)နှင့် "နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့"(International Organization for Mediation) သို့ ပါဝင်ခဲ့ခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်။

နှစ်ဖက်လုံးသည် စစ်မှန်သောနိုင်ငံစုံမူဝါဒကို ကျင့်သုံးရန်၊ နိုင်ငံတကာဆက်ဆံရေးကို ဒီမိုကရေစီစနစ်သို့ ရှေးရှုရန်နှင့် ပိုမိုမျှတပြီး ကျိုးကြောင်းဆီလျော်သော ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာစေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုကို ပူးတွဲကာကွယ်စောင့်ရှောက်ရန် တောင်းဆိုကြသည်။

မြန်မာနိုင်ငံဘက်က ဉာဏ်ရည်တုဖွံ့ဖြိုးတိုးတက်မှုသည် အများပြည်သူ၏ ဘုံအကျိုးစီးပွားကို အထောက်အကူပြုစေရန်အတွက် "ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့" (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ရန် တရုတ်နိုင်ငံ၏အဆိုပြုချက်အပေါ် ကြိုဆိုခဲ့သည်။ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုအုပ်ချုပ်မှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ မြှင့်တင်ရန်အတွက် အဆိုပါအဖွဲ့သို့ ဝင်ရောက်ရန် အပြုသဘောဖြင့် ထည့်သွင်းစဉ်းစားနေခြင်းကို ကြိုဆိုပါသည်။

နှစ်ဖက်လုံးသည် တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုတို့အပေါ် အခြေခံ၍ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုလားကြပြီး လူ့အခွင့်အရေးကိစ္စရပ်များကို နိုင်ငံရေးအမြတ်ထုတ်ခြင်း၊ လက်နက်သဖွယ် အသုံးချခြင်းနှင့် စံနှုန်းနှစ်မျိုး ကျင့်သုံးခြင်းတို့ကို ပြတ်သားစွာ ဆန့်ကျင်ကြသည့်အပြင်၊ လူ့အခွင့်အရေးကို အကြောင်းပြု၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းအား ပြတ်သားစွာ ဆန့်ကျင်ကြသည်။

၇။ နှစ်ဖက်လုံးသည် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန်၊ ငြိမ်းချမ်းသာယာ၍ စိတ်ချလုံခြုံမှုရှိပြီး သာယာဝပြောသည့် လှပနှစ်လိုဖွယ်ရာအိမ်ဂေဟာကို အတူတည်ဆောက်ရေး၊ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို ပိုမိုမြင့်မားသောအဆင့်သို့ မြှင့်တင်ရေး၊ သာတူညီမျှမှုနှင့် ဘုံအကျိုးစီးပွားရှိသော ပူးပေါင်းဆောင်ရွက်မှုများကိုအခြေခံ၍ ပိုမိုနီးကပ်သည့် တရုတ်-အာဆီယံ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံလုံးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေး၊ ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုကို ရှေ့ဆက်ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို ကျဉ်းမြောင်းစေရေးနှင့် ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့် ဒေသတစ်ခု ဖြစ်ပေါ်လာစေရေး ပါဝင်ပံ့ပိုးရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

နှစ်ဖက်လုံးသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်၊ (၅) ကြိမ်မြောက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ခေါင်းဆောင်များအစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးကို ပံ့ပိုးကူညီရန်၊ အဆင့်မြှင့်တင်ထားသော လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု "၂.၀" (LMC 2.0)မူဘောင်ကို လက်တွဲတည်ဆောက်ရန်နှင့် လန်ချန်း-မဲခေါင်နိုင်ငံများအကြား ငြိမ်းချမ်းသာယာဝပြောသော အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကို မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးသည် ကုလသမဂ္ဂ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၊ အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC) နှင့် အက်ခမက်စ် (ACMECS) အပါအဝင် နိုင်ငံစုံမူဘောင်များတွင် အပြန်အလှန် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံ၏ တရားဝင်ရပိုင်ခွင့်များနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အာဆီယံယန္တရားများနှင့် လုပ်ငန်းစဉ်များအားလုံးတွင်လည်းကောင်း၊ ကုလသမဂ္ဂတွင်လည်းကောင်း အပြည့်အဝ၊ တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်မှုကို တရုတ်နိုင်ငံက ထောက်ခံအားပေးသည်။

၈။ နှစ်ဖက်လုံးသည် ပို့ဆောင်ဆက်သွယ်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ ဉာဏပစ္စည်း မူပိုင်ခွင့်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် မီဒီယာ အစရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာရွက်စာတမ်းများစွာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၉။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာ ကြိုဆိုဂုဏ်ပြုခဲ့သည့် သမ္မတ ရှီကျင့်ဖျင်၊ တရုတ်အစိုးရနှင့် တရုတ်ပြည်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး သမ္မတရှီကျင့်ဖျင်အား နှစ်ဦးနှစ်ဖက် အဆင်ပြေမည့်ကာလတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ရင်းနှီးလှိုက်လှဲစွာဖြင့် ဖိတ်ကြားခဲ့သည်။

# မန္တလေးဈေးကွက်၌ မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာ

**မန္တလေး ဇွန် ၁၇**

ဆီထွက်သီးနှံအမျိုးအစား ဖြစ်သည့် မြေပဲဆန်များ၏ ပြည်တွင်းဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဈေးကွက်အတွင်းမှ သိရသည်။

မြေပဲ ပြည်ပတင်ပို့ရောင်းချသည့် FOB (သင်္ဘောပေါ်တင်ရောင်းဈေး) ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိပြီး ရန်ကုန်ဈေးကွက်တွင် မြေပဲလုံးဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၁၅ မှ ၁၇၂၅ အတွင်း ဈေးငြိမ်နေကြောင်း သိရသည်။

သို့သော် ပြည်တွင်းလုပ်ငန်းသုံးဝယ်လိုအားနှင့် ဆီစက်များ၏ ဝယ်ယူမှုများ မြင့်တက်လာခြင်းကြောင့် မန္တလေးဈေးကွက်ရှိ မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။


လက်ရှိ မန္တလေးဈေးကွက်တွင် မြေပဲ S1 (လုံးဆန်) တစ်ပိဿာလျှင် ငွေကျပ် ၁၁၂၀၀ ကျော်မှ ငွေကျပ် ၁၁၅၀၀ ကျော်အထိရှိနေပြီး မြေပဲအနီလုံးဆန်မှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၈၀၀ ကျော်မှ ငွေကျပ် ၁၀၉၅၀ ကျော်အထိ ဈေးနှုန်းရှိနေကြောင်း သိရသည်။

ထို့ပြင် မြေပဲဆီဆန်များ၏ ဈေးနှုန်းများလည်း မြင့်တက်လာရာ မြေပဲ S1 ဆီဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၀၆၅၀ ကျော်မှ ငွေကျပ် ၁၀၉၀၀ ကျော်အထိရှိလာပြီး အနီဆီဆန်မှာ တစ်ပိဿာလျှင် ငွေကျပ် ၉၉၀၀ ကျော်မှ ငွေကျပ် ၁၀၂၀၀ ကျော်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ပြည်တွင်းစားသုံးမှုနှင့် ဆီထုတ်လုပ်ရေးလုပ်ငန်းများ၏ ဝယ်လိုအား ကောင်းမွန်နေခြင်းကြောင့် မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ပြီး လာမည့်ကာလအတွင်းလည်း ဈေးကွက်အခြေအနေပေါ်မူတည်၍ ဈေးနှုန်း အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ကုန်သည်များက သုံးသပ်ပြောကြားခဲ့သည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-ဧ)



# အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့်အနာဂတ်သို့ ဦးတည်

**သိင်္ဃသူ**

*(ယမန်နေ့မှအဆက်)*

မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ရှိသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့် သဘာဝပိုက်လိုင်းစီမံကိန်း၊ မူဆယ်-မန္တလေး မီးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း၊ မန္တလေး - ကျောက်ဖြူ မီးရထားလမ်း စီမံကိန်းစသည်တို့မှာ ကြီးမားသည့် စီမံကိန်းများ ဖြစ်သည်။


ရင်းနှီးမြှုပ်နှံမှုအနေဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင် ရှိသည်။ နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည်။ မြန်မာက တရုတ်သို့ ဆန်၊ ပဲမျိုးစုံ၊ နှမ်း စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည်ထုတ်ကုန်များ အဓိကတင်ပို့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခြင်း၏ အဓိကရည်ရွယ်ချက်များမှာ **"မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်နိုင်ရေး"** တို့ ဖြစ်ရာ တရုတ်-မြန်မာ နှစ်နိုင်ငံနှင့် နှစ်ဖက်လုံးမှ ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းနိုင်စေမည့် ရည်ရွယ်ချက်များပင် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် က ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ The Great Hall of the People ၌ ဂုဏ်ပြုတပ်ဖွဲ့နှင့် ကြိုဆိုသည်။ ဆက်လက်၍ သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ ဖူကျန့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆို**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း ပဏာမ စတင်ပြောကြားပြီးနောက် မြန်မာနိုင်ငံ အစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့် ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် ထောက်ခံပါကြောင်း၊ မိမိတို့နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုများမှ တစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းတို့ကို ထည့်သွင်းဆွေးနွေးခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**"နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၏ ထိတွေ့ဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါကြောင်း၊ ယခုအချိန်သည် မိမိတို့ နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွား ဖော်ဆောင်ပေးမည့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားရန် အချိန်အခါကောင်းပင်ဖြစ်"**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုများနှင့် ဧည့်ဝတ်ပြုမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက် ပထမဆုံး နိုင်ငံတော်အဆင့် ခရီးစဉ် (State Visit) ဖြစ်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာကျင့်သုံးလျှောက်လှမ်းလျက်ရှိပြီး မိမိတာဝန်ယူသည့် အချိန်တွင် စာမျက်နှာသစ်ဖွင့်မည်ဟု ပြောခဲ့ကာ နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို သက်ဆိုင်သူအားလုံး လိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများ၏ ထိတွေ့ဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါကြောင်း၊ ယခုအချိန်သည် မိမိတို့ နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွား ဖော်ဆောင်ပေးမည့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားရန် အချိန်အခါကောင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အပြည့်အဝထောက်ခံကြောင်း ထပ်လောင်းအတည်ပြုလိုပါကြောင်း၊ ထို့အပြင် အဆွေတော် ဦးစီးဖော်ဆောင်နေသည့် ကမ္ဘာလုံးဆိုင်ရာ အစီအမံများဖြစ်သော GGI၊ GSI၊ GDI နှင့် GCI တို့ကို ထောက်ခံကြောင်းကိုလည်း ပြောကြားလိုကြောင်း၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative – BRI ) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တရုတ်-မြန်မာစီးပွားရေး စင်္ကြံအောင်မြင်စွာဖြင့် အပြည့်အဝဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်ရေးကို မဖြစ်မနေဆောင်ရွက်သွားရန်လိုပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်ပြီး NCA လမ်းကြောင်းအတိုင်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံနယ်စပ်များကို အခြေပြုနေသည့် တရားမဝင်လုပ်ငန်းများကို အမြစ်ပြတ်သည်အထိ ဆက်လက်တားဆီးနှိမ်နင်းသွားမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရာတွင် နယ်စပ်ဂိတ်များသည် အထူးအရေးကြီးပြီး နယ်စပ်ဂိတ်နှင့် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပြီး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြန်လည်ဆွေးနွေးရာတွင် ပြောကြားသွားခဲ့သည်။

**နှစ်နိုင်ငံယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်**

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ပြန်လည်ဆွေးနွေးရာတွင် မိမိတို့သည် မဟာဗျူဟာမြောက် ယုံကြည်မှုကို ခိုင်မာမှုရှိစေရမည်ဖြစ်ပြီး ရှုပ်ထွေးလှသည့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများအကြား နှစ်နိုင်ငံယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သည် နယ်နိမိတ်ချင်းထိစပ်မှု အရှည်လျားဆုံး နိုင်ငံဖြစ်ပြီး အယုံကြည်ရဆုံး မိတ်ဆွေနိုင်ငံ၊ အားအကိုးရဆုံး လက်တွဲဖက် မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံနိုင်ငံများအကြား ဖြစ်တည်မှု၊ ရပ်တည်မှုအပေါ်တွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံရပ်တည်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂမျက်နှာစာတွင်လည်း မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည် ထောက်ခံသွားမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၁ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

*စာမျက်နှာ ၁၀ မှ*

ထို့ပြင် နှစ်နိုင်ငံအကျိုးစီးပွားပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားလိုကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများ ပြန်ဖွင့်နိုင်ရေး၊ သန့်ရှင်းသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ အရည်အသွေးမြင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်တင်သွင်းနိုင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုကြောင်း၊ မြန်မာနိုင်ငံအတွင်း ဂေဟစနစ်ထိန်းသိမ်းရေးအတွက်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေတစ်ရပ် ရေးဆွဲဆောင်ရွက်နေမှုအပေါ်တွင်လည်း ထောက်ခံကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ်ပိုင်နက်နယ်မြေကိုအသုံးပြု၍ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်နေမှုများကို လုံးဝခွင့်ပြုသွားမည် မဟုတ်ကြောင်း၊ နှစ်နိုင်ငံ ပြည်သူများအကြား စိတ်နှလုံးသားများ နီးစပ်ရမည်ဖြစ်ပြီး အေးအတူပူအမျှ အသိုက်အဝန်းကို ဆက်လက်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ အရေးကြီးသည့် အဖွဲ့ဝင်ဖြစ်သည်ကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ လိုအပ်သည်မှန်သမျှကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းတို့ကို ထည့်သွင်းဆွေးနွေးသွားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆွေးနွေးရာတွင် တရုတ်နိုင်ငံ သမ္မတကြီး ဆွေးနွေးပြောကြားခဲ့သည့် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ယုံကြည်မှု ခိုင်မာစေရေး၊ အကျိုးစီးပွားပေါင်းစည်းမှု ပိုမိုနက်ရှိုင်းစေရေး၊ လုံခြုံရေးအရ ခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေး၊ ပြည်သူများအကြား စိတ်နှလုံး နီးစပ်စေရေး စသည့်အချက်များကိုလည်း မိမိအနေဖြင့် အလေးထားထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို အသုံးပြု၍ တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များ ဖြစ်ပေါ်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တရုတ်နိုင်ငံရှိ မြတ်ဗုဒ္ဓ၏ စွယ်တော်ကို မြန်မာနိုင်ငံသို့ (၅) ကြိမ်မြောက် ကြွချီပြီး မြန်မာပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ရရှိရန် ဆွေးနွေးပြောကြားခဲ့ပြီးနောက် နှစ်နိုင်ငံကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး အလံများ ဝှေ့ယမ်းကြိုဆိုလျက်ရှိသည့် ကလေးငယ်များအား လက်ပြနှုတ်ဆက်စဉ်။


## နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် လဲလှယ်

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်သည်။ ယင်းအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative - GSI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ အစိုးရများအကြား ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှု အစီအမံ (Global Civilization Initiative - GCI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှု (Global Development Initiative- GDI ) အကောင်အထည်ဖော်ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့အပါအဝင် နှစ်နိုင်ငံအကြား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍ၊ သတင်းမီဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍ၊ နည်းပညာနှင့် အသိပညာဖလှယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတို့၌ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၈ ခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက သမ္မတနှစ်ဦး၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

**“တရုတ်နိုင်ငံရှိ မြတ်ဗုဒ္ဓ၏ စွယ်တော်ကို မြန်မာနိုင်ငံသို့ (၅) ကြိမ်မြောက် ကြွချီပြီး မြန်မာပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ရရှိရန် ဆွေးနွေးပြောကြားခဲ့ပြီးနောက် နှစ်နိုင်ငံကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေး”**

မြန်မာနိုင်ငံက ထောက်ခံခဲ့သည့် တရုတ်နိုင်ငံက ဦးစီးဖော်ဆောင်နေသော ကမ္ဘာလုံးဆိုင်ရာ အစီအမံများဖြစ်သည့် GGI ၊ GSI ၊ GDI နှင့် GCI ဆိုသည်မှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က ဦးဆောင်၍ ချမှတ်ထားသည့် မဟာဗျူဟာများဖြစ်သည်။ ၎င်းမဟာဗျူဟာများသည် ပြောင်းလဲလာသည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ အိုင်ဒီယာဟောင်းများ နေရာတွင် အစားထိုးလာမည့် အိုင်ဒီယာအသစ်များဟု ဆိုရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ၎င်းအစီအမံများကို တရားဝင်ထုတ်ပြန်ကာ နိုင်ငံတကာအသိုက်အဝန်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ မိမိတို့နိုင်ငံကဲ့သို့ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံ (Global Development Initiative-GDI ) သည် ၂၀၂၁ ခုနှစ်တွင် စတင်အဆိုပြုခဲ့သော အစီအမံဖြစ်ပြီး လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားနှင့် ကုလသမဂ္ဂ၏ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကမ္ဘာ့တောင်ခြမ်း ဖွံ့ဖြိုးဆဲနိုင်ငံများ (Global South) ၏ ရှင်သန်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်နှင့် ပြည်သူကို ဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရန်တို့ကို ဦးတည်ထားသည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကာကွယ်ဆေးနှင့် ကပ်ရောဂါတိုက်ဖျက်ရေး၊ စိမ်းလန်းစိုပြည်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီဂျစ်တယ် စီးပွားရေးကဏ္ဍများကို ဦးစားပေးထားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက လက်မှတ်ရေးထိုးစဉ်။

ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative - GSI) သည် ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကမ္ဘာ့လုံခြုံရေးဆိုင်ရာ စနစ်ကို အစားထိုးရန်နှင့် အနောက်နိုင်ငံများ၏ မဟာမိတ်အုပ်စုဖွဲ့မှုကို တန်ပြန်ရန် ရည်ရွယ်သည်။ GSI ၏ အခြေခံမူမှာ နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာနှင့် နယ်နိမိတ် တည်တံ့ခိုင်မြဲရေးကို လေးစားရန်နှင့် ကုလသမဂ္ဂ ပဋိညာဉ်ကို ဗဟိုပြုရန်ဖြစ်ပြီး အငြင်းပွားမှုများကို စစ်မက်ဖြစ်ပွားခြင်းထက် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာရန်ဖြစ်သည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ ဉာဏ်ရည်တု (AI) နှင့် ရာသီဥတုပြောင်းလဲမှုစသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ (Global Civilization Initiative-GCI) ကို ၂၀၂၃ ခုနှစ်တွင် အဆိုပြုခဲ့ပြီး ကမ္ဘာပေါ်ရှိမတူကွဲပြားသော ယဉ်ကျေးမှုများနှင့် နိုင်ငံရေးစနစ်များကို အပြန်အလှန် အသိအမှတ်ပြုလေးစားကြရန် တောင်းဆိုသည့် အစီအမံဖြစ်သည်။ ကမ္ဘာ့ယဉ်ကျေးမှုများ၏ မတူကွဲပြားမှုကို လေးစားရန်နှင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ စံနှုန်းများကို အနောက်နိုင်ငံများ၏ အမြင်တစ်ခုတည်းဖြင့် သတ်မှတ်ခြင်းကို ကန့်ကွက်ပြီး နိုင်ငံအချင်းချင်း ပြည်သူအခြေပြု ကဏ္ဍစုံဖလှယ်မှုများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံ (Global Governance Initiative-GGI) သည် တရုတ်နိုင်ငံက ထပ်မံအဆိုပြုထားသည့် အစီအမံဖြစ်ပြီး ပိုမိုတရားမျှတ၍ သာတူညီမျှရှိသော ကမ္ဘာ့စီမံခန့်ခွဲမှုစနစ် (Global Governance System) ပေါ်ပေါက်လာစေရန် ရည်ရွယ်ထားသည်။ ကမ္ဘာ့ရေးရာများတွင် အင်အားကြီးနိုင်ငံအနည်းငယ်ကသာ ခြယ်လှယ်နေမှုကို ဆန့်ကျင်ပြီး စစ်မှန်သော နိုင်ငံစုံဝါဒ (Multilateralism) ကို ကျင့်သုံးရန်နှင့် ကုလသမဂ္ဂ၏ အခွင့်အာဏာကိုမြှင့်တင်ပြီး ကမ္ဘာ့စိန်ခေါ်မှုများကို စုပေါင်းအင်အားဖြင့် ဖြေရှင်းရန်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဤကမ္ဘာလုံးဆိုင်ရာ အစီအမံ (Global Initiative) များတွင် GDI က စီးပွားရေးနှင့် ရုပ်ဝတ္ထု အခြေခံကို တည်ဆောက်ပေးပြီး GSI က ငြိမ်းချမ်းပြီး တည်ငြိမ်သော ပတ်ဝန်းကျင်ကို အာမခံသည်။ GCI က တန်ဖိုးထားမှုဆိုင်ရာ ဘုံသဘောတူညီချက်ကို တည်ဆောက်ပြီး GGI က စနစ်နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်များကို ပေးစွမ်းခြင်းဖြစ်သည်။ အဆိုပါအစီအမံများက လက်ရှိ ကမ္ဘာ့အစီအစဉ်ဖြစ်သော Rules-based International Order နေရာတွင် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဘုံအနာဂတ် အသိုက်အဝန်းကို တည်ဆောက်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ



နေပြည်တော် ဇွန် ၁၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သောက်သုံးရေ၊ စိုက်ပျိုးရေ ရရှိရေးအတွက် ကန်နှင့်အင်း ပြန်လည်တူးဖော်ပေးရေး၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးနိုင်ရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း(၁၂) ခု မေးမြန်းဖြေကြားခြင်း၊ ကော်မတီ (၃) ခု ဖွဲ့စည်း အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ညောင်ဦးမဲဆန္ဒနယ်မှ ဦးသိန်းပို၏ **ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာအုပ်စုရှိ တိမ်ကောလာနေသည့် ကမ္မကန်တော်ကြီးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျက ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာအုပ်စုရှိ ကမ္မကန်တော်ကြီး၏ ရေဝင်လမ်းကြောင်း တူးဖော်ခြင်း၊ သဲစစ်ကန်တူးဖော်ခြင်းနှင့် ကန်အတွင်း၌ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာနှစ်အလိုက် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ၌ တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **သဲကုန်းမြို့နယ်အတွင်းရှိ အင်းမအင်း ဧရိယာ ၆ ဒသမ ၅ စတုရန်းမိုင် တိမ်ကောနေမှုအား တူးဖော်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျက ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်ရှိ အင်းမအင်း တိမ်ကောနေမှုအား ယခုနှစ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အင်းမအင်းအရှေ့ဘက်ပင်မရေလမ်းကြောင်း ရှင်းလင်းတူးဖော်ခြင်းလုပ်ငန်း အလျား ၁ ဒသမ ၆ မိုင်အား Back Hoe On Pontoon ဖြင့် ရေလမ်းကြောင်း တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့(ငွေလုံးငွေရင်း) ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အင်းမအင်းတိမ်ကောနေမှုအတွက် လယ်ယာမြေများ နှစ်စဉ်ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန် ရေစီးရေလာကောင်းမွန်စေရေး ရေလမ်းကြောင်း တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအား နှစ်စဉ်နှစ်မိုင်ခန့် တူးဖော်ပေးနိုင်ရေး ပြည်ထောင်စုမူလရန်ပုံငွေဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့်လည်းကောင်း နှစ်စဉ်ထည့်သွင်း တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့အဝင် လမ်းမကြီးဘေး State Land သတ်မှတ်မြေနေရာဖြစ်သည့် စည်ပင်ရုံးရှေ့ မျက်နှာချင်းဆိုင်လမ်းရှိ မြေကွက်လပ်ပေါ်တွင် ဌာနဆိုင်ရာစုပေါင်းရုံးနှင့်တွဲလျက် ဝန်ထမ်းအိမ်ရာပါ အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ကော့ကရိတ်မြို့အဝင်လမ်းမကြီးဘေး အမှတ်(၅)ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် မျက်နှာချင်းဆိုင်တွင် State Land အဖြစ်သတ်မှတ်ထားသော မြေနေရာ၌ စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ဆောက်လုပ်ပေးခြင်းဖြင့် ဌာနဆိုင်ရာများနှင့် မြို့နေပြည်သူလူထုအတွက် လုပ်ငန်းကိစ္စရပ်များနှင့် နေထိုင်ရေးကိစ္စရပ်များ ပိုမိုအဆင်ပြေစေမည်ဖြစ်သဖြင့် မြေနေရာအမည်ပေါက်ရရှိရေး၊ စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခွင့်ပြုနိုင်ရေးကို ခွင့်ပြုချက်ရယူပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ)စိုင်းဆေဟန်၏ **လင်းခေးမြို့မှ ဝမ်စစ်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းအနက် စံချိန်စံညွှန်း မပြည့်မီသည့် ကွန်ကရစ်လမ်း ၁၁ မိုင်အား မည်သည့်ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက လင်းခေးမြို့နယ်မှ ဝမ်စစ်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း ကျောက်လမ်း ရှစ်မိုင်၊ ကျောက်လမ်းပြင်ထိန်း ငါးမိုင်၊ ကတ္တရာလမ်း သုံးမိုင်ကျော်၊ ကွန်ကရစ်လမ်း နှစ်မိုင်၊ တံတား သုံးစင်းနှင့် Box Culvert ၁၄ စင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကတ္တရာလမ်း ၀/၄ မိုင်နှင့် ကွန်ကရစ်တံတား နှစ်စင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသော လမ်းပိုင်းများအား ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နှစ်စဉ်အပိုင်းလိုက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းပျဉ်း မဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန်-မိုင်းရှဲန် ကျေးလက်ကုန်ထုတ်လမ်းအား ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းပုအွန်-မိုင်းရှဲန်လမ်း ၁၈ မိုင်ကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် မြေသားလမ်း တာချဲ့ခြင်း လုပ်ငန်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထား ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ် မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်-မိုင်းညွင်းလမ်းပေါ်ရှိ အတက်အဆင်း မတ်စောက်သည့်နေရာများတွင် ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းခတ်မြို့နယ်၊ မိုင်းခတ်-မိုင်းညွင်းလမ်းသည် ၂၂ မိုင်ရှိပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် ကျောက်လမ်းနှင့် ကွန်ကရစ်ခင်းခြင်းကို အပိုင်းလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း လေးဖာလုံ ဆောင်ရွက်ရန် ရန်ပုံငွေ ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသောလမ်းပိုင်းများကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရ ရန်ပုံငွေတို့မှ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယောင်း မဲဆန္ဒနယ်မှ ဦးစိုင်းအောင်ခမ်း၏ **ဝမ်ဘိုး-ဝမ်မန်းကျေးရွာ အုပ်စုချင်းဆက်လမ်းပေါ်ရှိ ရေတိုက်စား၍ ပျက်စီးသွားခဲ့သည့် ဝမ်ဘိုးတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအထွက်၌ရှိသည့် ၄၅ ပေခန့် သစ်သားတံတားမှာ ၂၀၁၀ ပြည့်နှစ်တွင် ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ဆောက်လုပ်ထားသည့် တံတားဖြစ်ပြီး မိုင်းယောင်း-ကျိုင်းကုန်းလမ်းပိုင်းတွင် ပါဝင်သည့် အဆိုပါတံတား အသစ်အား ပြန်လည်တည်ဆောက်နိုင်ရေးကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေ စီမံကိန်းစာရင်းတွင် အဆိုပြုလျာထားပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းစိန်ဝင်း၏ **ဝမ်ဆန်းကျေးရွာအုပ်စု၊ ဝမ်ဆန်းကျေးရွာနှင့် ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ယိန်းကျေးရွာအုပ်စုများသည် ယနေ့ထိ လျှပ်စစ်မီးမရရှိသေးပါသဖြင့် လျှပ်စစ်မီးတိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ် မရှိပါက ဦးစားပေး အစီအစဉ်ဖြင့် ထည့်သွင်းပေးပါရန် သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လဲချားမြို့နယ်၊ ဝမ်ဆန်းကျေးရွာအုပ်စု၊ ဝမ်ဆန်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း နှစ်မိုင် လိုအပ်သော တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အလားတူ ဝမ်ဟိုင့်ကျေးရွာအုပ်စုနှင့် ဝမ်ယိန်းကျေးရွာအုပ်စုတို့အား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေ ခွင့်ပြုရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်၏ **ကျွန်းလှမြို့နှင့် ကန့်ဘလူမြို့အပါအဝင် ၎င်းမြို့နယ်များအတွင်းရှိ ကျေးရွာများမှ ပြည်သူများ လျှပ်စစ်မီးမရရှိမှုကြောင့် ကြုံတွေ့နေရသော အခက်အခဲများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့ရှိ ကျေးရွာများသို့ ဖြန့်ဖြူးနေသည့် ဓာတ်အားလိုင်းစနစ်များသည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဓာတ်အားပေးစက်ရုံ အစိတ်အပိုင်းများနှင့် ဓာတ်အားခွဲရုံ (Switchyard) အတွင်းရှိ ဓာတ်အား လက်ခံ၊ ပို့လွှတ်ပစ္စည်းများ မီးလောင်ပျက်စီးခြင်းနှင့် စက်ရုံအောက်ဆုံးထပ်အတွင်း ရေဝင်ရောက်နစ်မြုပ်ခြင်းတို့ဖြစ်ပေါ်ခဲ့သောကြောင့် ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်း မရှိတော့ပါကြောင်း။

ပျက်စီးဆုံးရှုံးမှုစာရင်းအရ လိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ရန်ပုံငွေတောင်းခံဝယ်ယူရေးဆောင်ရွက်ပြီး အစားထိုးတပ်ဆင်စမ်းသပ်မောင်းနှင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များပြန်လည်မောင်းနှင်ဓာတ်အားထုတ်လုပ်ချိန်တွင် ဓာတ်အားပေးစက်များကို သီးခြားမောင်းနှင်၍ ၃၃ ကေဗွီ သဖန်းဆိပ်-ကန့်ဘလူ ဓာတ်အားလိုင်းဖြင့် ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့တို့သို့လည်းကောင်း၊ ၃၃ ကေဗွီ သဖန်းဆိပ်-လိပ်ဆင်းတောင် ဓာတ်အားလိုင်းဖြင့် စက်ရုံပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်းကောင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးမျိုး(ခ)ဦးမျိုးအောင်၏ **ပြည်မြို့နယ်၊ ရပ်ကွက်/ ကျေးရွာ အုပ်စုများရှိ ခေတ်ကာလနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဓာတ်အားပေးလိုင်း၊ ကြေးကြိုးများအား (TWO COVER)ရှိသော ကြိုးသစ်များဖြင့် မည်သည့်အချိန်တွင် အသစ်လဲလှယ်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ပြည်မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်း တည်ဆောက်သွယ်တန်းထားသည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများအနက် ၃၁ မိုင်မှာ သက်တမ်းကြာမြင့်ပြီး ကြိုးအရွယ်အစားသေးသည့်အတွက် မီးသုံးသူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ ဗို့အားကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် Insulated Wire(ကာဗာကြိုး)များဖြင့် အစားထိုးလဲလှယ်ခြင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းလျာထားပြီး နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ညောင်ပင်ကြီး-ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းမှတစ်ဆင့် ကလေးဝ-မော်လိုက်အထိရရှိနေသော လျှပ်စစ်ဓာတ်အားများ ဖျက်ဆီးခံရ၍ ပြတ်တောက်လျက်ရှိပါကြောင်း၊ ဓာတ်အားလိုင်းပြုပြင်ရေးနှင့် မဟာဓာတ်အားလိုင်း ပြန်လည်တပ်ဆင်နိုင်ရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်နိုင်ရေး ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ကလေးဝမြို့နယ်အား ၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး ဓာတ်အားလိုင်းဖြင့် ချောင်းကူးဓာတ်အားခွဲရုံတွင် ဓာတ်အားလက်ခံပြီး ၎င်းဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ ချောင်းကူး-ဂန့်ဂေါ-ကလေး-ကလေးဝ ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားခြင်း ဖြစ်ပါကြောင်း။

အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင် ၁၆ တိုင် ၂၀၂၅ ခုနှစ် မတ်လတွင် ပြိုလဲခဲ့ပါကြောင်း၊ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်နိုင်ရေးလုပ်ငန်းကို နယ်မြေအခြေအနေအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိနေသော ကျေးရွာ ၂၄ ရွာကို 5 Year Plan ၏ လျာထားချက်အတိုင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်ခန့်နှင့် ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံအား ကရင်ချောင်းကျေးရွာတွင် တည်ဆောက်ခြင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၆၂ ဒသမ ၉၈ မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ**

စာမျက်နှာ ၁၃ သို့

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သီပေါမြို့နယ်ရှိ ကျွင်းသီတံတားနှင့် ကွန်ကရစ်ဇလီဖားစက်ရုံ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ ကြည့်ရှုပြီး ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ



နေပြည်တော် ဇွန် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့်အတူ ဇွန် ၁၆ ရက်က ပြင်ဦးလွင်-လားရှိုးလမ်းပိုင်းရှိ သီပေါမြို့နယ် ဘော်ကြိုဘူတာအနီး အလျားပေ ၂၈၀ ရှိ ကျွင်းသီတံတား ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လဲလှယ်ရန်ကျန်ရှိသော ဆွေးမြည့်နေသည့် သစ်သားဇလီဖားတုံးများကို အသစ်လဲလှယ်ရန်နှင့် သတ်မှတ်ကာလအမီ အမြန်ဆုံးပြန်လည်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ ပြန်လည်ပြုပြင်နေမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်ဇလီဖား Mould နှင့် ဆက်စပ်ပစ္စည်းများပြုပြင်ခြင်းလုပ်ငန်း၊ စက်ရုံအတွင်း ရထားလမ်းပြုပြင်ခြင်းလုပ်ငန်း၊ Traverser ကရိန်းပြုပြင်ခြင်းလုပ်ငန်း၊ ကွန်ကရစ်ဖျော်စက် ပြုပြင်ခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံပိုင်းဆိုင်ရာ ပြုပြင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရုံပြီးစီးသွားပါက တစ်လလျှင် ကွန်ကရစ်ဇလီဖားတုံး ၆၂၄၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မန္တလေး-လားရှိုးလမ်းပိုင်း ပိုမိုတောင့်တင်းကြံ့ခိုင်စေရန် လိုအပ်သည့်နေရာများတွင် အစားထိုးဖြည့်တင်းသွားမည်ဖြစ်သည်။

ယင်းနောက် မြန်မာ့စာတိုက်လုပ်ငန်း သီပေါစာတိုက်၌ ဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာဝန်ထမ်းများနှင့်လည်းကောင်း၊ ကျောက်မဲမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကျောက်မဲခရိုင်ရုံး)၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ကျောက်မဲဘူတာပရဝဏ်နှင့် ယာဒ်ဝင်းသန့်ရှင်းရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နောင်ပိန်ဘူတာအနီး ရထားလမ်းကူးနေရာမှ RBE ရထားဖြင့် ရထားလမ်းကြံ့ခိုင်မှုအခြေအနေ၊ နောင်ချိုမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားကြံ့ခိုင်မှု၊ တံတားကြီး၏ အောက်ခြေတိုင်များကို ခြံစည်းရိုးကာရံထားမှု၊ ဂုတ်ထိပ်ဘူတာအား သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဘူတာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှု၊ ဘူတာအနီးရှိကြယ်ငါးပွင့်အဆင့်ရှိသည့် ဟိုတယ်နှင့် အထပ်ခြောက်ထပ်ပါအဆင့်မြင့် ဈေးဝယ်စင်တာတည်ဆောက်မည့်မြေနေရာ၊ ပြင်ဦးလွင်ဘူတာနယ်မြေအတွင်းရှိ အလျား ၅၆၁ ပေ၊ အနံ ၃၀၈ ပေရှိရော်ဘာပြေးလမ်းပါ ဘောလုံးကွင်းနှင့် အလျား ၁၃၅ ပေ၊ အနံပေ ၂၀ ရှိ ပွဲကြည့်စင်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအမီ ပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၂ မှ*

**၄၁၆၀ ကျေဗွီအေ တည်ဆောက်ခြင်း လုပ်ငန်းများအား ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က တပ်ကုန်းမြို့နယ်အတွင်း မီးလင်းရန်ကျန်ရှိနေသော ကျေးရွာ ၂၄ ရွာရှိ အိမ်ခြေ ၅၈၀၀ ကျော် ဓာတ်အားရရှိရန်အတွက် ၃၃ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေအား ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍တင်ပြတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဆောင်ရွက်ရန် ကျန်ရှိသည့် စိန်ပန်းပင်၊ စိန်ပန်းခိုင်၊ ဥသျှစ်ကုန်း၊ သဖန်းချောင်း၊ ကန့်နီ၊ ဖောင်းလျားကုန်း၊ လယ်ဇပင်၊ ဖက်သန်းတောင်နှင့် သံပုရာကုန်းကျေးရွာများ ဓာတ်အားရရှိရေး ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၀ ဒသမ ၇၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ကိုးလုံး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ် ကျပ် ၂၇၇၁ ဒသမ ၃၅၀ သန်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ လက်ပံအိုင့်၊ ရွာသစ်၊ လွှပုံ၊ သာယာအေး၊ ညောင်ပင်သာလေး၊ ကျီးအင်းနှင့် မယ်ဇလီကျင်းကျေးရွာများ ဓာတ်အားရရှိရေး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၅၀၄ ဒသမ ၁၀၀ သန်းအား ၂၀၂၈–၂၀၂၉ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ သဲချောင်း၊ ညောင်ပင်ကွင်း၊ ရွှေမောင်းဂွက်၊ ချောင်းဆုံ (တောင်+မြောက်)၊ ညောင်ပတ်၊ အောင်သပြေ၊ တုံးချိုးနှင့် ကံနှစ်ဆင့်ကျေးရွာများ ဓာတ်အားရရှိရေး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၈၁၅ ဒသမ ၇၄၀ သန်းအား ၂၀၂၉–၂၀၃၀ ဘဏ္ဍာနှစ်တွင်လည်းကောင်း နေပြည်တော်ကောင်စီ၏ ဘတ်ဂျက်ဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးအဋ္ဌမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတို့တွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းများနှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇွန် ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❑ **စာမျက်နှာ ၂၄ မှ**

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ စုစုပေါင်း အလုံး၆၀ အား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု နေရာပြပုံ။

---

**၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ)** နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၈–၆–၂၀၂၆ ည၁၀းနာရီ | A | ချက် – တောင်အာဖရိက |
| ၁၉–၆–၂၀၂၆ နံနက်၀၁း၃၀နာရီ | B | ဆွစ်ဇာလန် – ဘော့စနီးယား |
| ၁၉–၆–၂၀၂၆ နံနက်၀၄း၃၀နာရီ | B | ကနေဒါ – ကာတာ |
| ၁၉–၆–၂၀၂၆ နံနက်၀၇း၃၀နာရီ | A | မက္ကဆီကို – တောင်ကိုရီးယား |

**တစ်အိမ်လုံးတွင်**
**မည်သူမျှ**
**မရှိနေချိန်၌**
**မလိုအပ်သော**
**လျှပ်စစ်အသုံးပြုမှု**
**အားလုံးကို**
**ပိတ်ခြင်းဖြင့်**
**လျှပ်စစ်ကို**
**ချွေတာသုံးစွဲပါ။**

---

● **စာမျက်နှာ ၂၄ မှ**

အဆိုပါကားလမ်းတစ်လျှောက် မိုင်းရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဇွန် ၁၆ ရက်တွင် မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကားလမ်းဘေး ဝဲ/ယာဘက်များ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့ ထောင်ထားသည့် ဆီပီပါဖြင့် ပြုလုပ်ထားသည့် ကားမိုင်းကြီး ရှစ်လုံး၊ ပလတ်စတစ်ပုံးအဝါဖြင့် ပြုလုပ်ထားသည့် ကားမိုင်းအသေး သုံးလုံး၊ လက်လုပ်ရေ့ထွက်မိုင်း ငါးလုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း လေးလုံး စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံ အလုံး၂၀ တို့ကိုတွေ့ရှိခဲ့ပြီး အဆိုပါမိုင်းများအား သက်မဲ့ပြုလုပ်ကာ စနစ်တကျ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ပြည်သူများအား စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာနှင့် ရပ်ကွက်(၁)ရပ်ကွက်မှ ပြည်သူများအား ယမန်နေ့က ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၈၆၈၀ ဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာ၌ ရည်ညွှန်းဈေး တစ်ပိဿာ ငွေကျပ် ၇၃၅၄ ဖြင့်ဝယ်ယူခဲ့ပြီး ဦးတင်လင်းအောင်(အမေထွား) ဆီအရောင်းဆိုင်မှ ကြောင်ပန်းကုံးကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ ဒေါ်ကေဇာခိုင် (ဗိုလ်တစ်ထောင်) ဆီအရောင်းဆိုင်မှ လေးဆယ်ကုန်းကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ ဒေါ်သဇင်အောင် (နေလသုခ) ဆီအရောင်းဆိုင်မှ ဖောင်ရွာရပ်ကွက် ပြည်သူများအား စားအုန်းဆီ ပိဿာ ၆၈၄၊ ဒေါ်စန်းစန်းဌေး(နေလသုခ-၂) ဆီအရောင်းဆိုင်မှ ဆူးလေကုန်းကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၃၃၀ တို့အား အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒသမနေ့) ဆက်လက်ကျင်းပ



**မန္တလေး ဇွန် ၁၇**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒသမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၆)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် စုစုပေါင်း(၇၇)ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၀)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၁၅)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒသမနေ့)ကို နံနက် ၁၁ နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို ဇွန် ၁၈ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



# နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**ပုသိမ်ကြီး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက နန္ဒာကျေးရွာအုပ်စု၊ နန္ဒာတောင်ကျေးရွာ အ·ထ·က(ခွဲ)ကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ပြီး အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၄၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့်UID ကတ်များကို နေ့ချင်းပြီး လက်ဝယ်အရောက်ထုတ်ပေးခဲ့ ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၀)**

၀-၀-၀-၀-၀

# စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရေတားတမံတည်ဆောက်ခြင်းနှင့် ရေကန်တည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဇွန် ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် တုံလောကျေးရွာအုပ်စု၊ ဖက်ဟိုကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ရေပိုင်းလိုင်းသွယ်တန်းခြင်း၊ ရေတားတမံတည်ဆောက်ခြင်းနှင့် ရေကန်တည်ဆောက်နေမှုအား ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**(အောက်ဝဲပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းနှင့် ရုံးအဖွဲ့ဝန်ထမ်းများက ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ၊ ရေတားတမံဆောင်ရွက်ခြင်း လုပ်ငန်းများနှင့်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်သွားရန် ပေါင်းစပ်ညှိနှိုင်းခဲ့သည်။

ဖက်ဟိုကျေးရွာ၌ အဆိုပါ ရေပေးရေးလုပ်ငန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေကျပ် သန်း(၈၀)ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်း(၂/၀)မိုင်၊ ရေတားတမံအား အလျား ၂၅ ပေ၊ အနံ ၃ ပေ၊ အမြင့် ၅ ပေ ဖြင့် ဆောင်ရွက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်အား အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေဖြင့် လုပ်ငန်းများကို မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါလုပ်ငန်းများ အားလုံး ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ကျေးရွာအတွင်းရှိ အိမ်ခြေ ၈၀ အိမ်၊ လူဦးရေ ၃၇၆ဦးနှင့် ကျွဲနွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာရရှိပြီး နွေရာသီတွင် ရေရှားပါးသည့် အခက်အခဲများကို ကုစားနိုင်မည်ဖြစ်ကြောင်း မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**



# မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ပြည်သူများ စိတ်ချမ်းမြေ့စွာရောင်းဝယ်ဖောက်ကားနိုင်ရန် စီမံဆောင်ရွက်ထား



**မန္တလေး ဇွန် ၁၇**

မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ပြည်သူများ အဆင်ပြေစိတ်ချမ်းမြေ့စွာ အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် တာဝန်ကျဝန်ထမ်းများက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ သိရသည်။

မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ဆိုင်ခန်းပေါင်း ၁၁၁၇ ခန်းနှင့် ပုံကျဆိုင်ခန်းပေါင်း ၆၁၆ ခန်းရှိပြီး အဆိုပါရောင်းဝယ်ရေးစခန်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာမှသန့်ရှင်းရေးဝန်ထမ်းကိုးဦးကိုခန့်အပ်ထားပြီး နေ့စဉ်နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဌာနစုမှူး ဦးမင်းရဲထွန်းကပြောသည်။

"ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းကို လာတဲ့ဆိုင်ကယ်တွေကို ဆိုင်ကယ်အပ်နှံတဲ့နေရာ တွေစနစ်တစ်ကျဖြစ်စေဖို့အတွက် ရတနာစခန်းက ဝန်ထမ်းတွေနဲ့ စည်ပင်ရဲတပ်ဖွဲ့နဲ့ပေါင်းပြီးတော့ နေ့စဉ်ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေး၊ ဆိုင်ကယ်အပ်နှံတာ စနစ်တကျဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လုံခြုံရေးအနေနဲ့ စည်ပင်ရဲတပ်ဖွဲ့နဲ့ဝန်ထမ်းတွေက လှည့်လည်စစ်ဆေးတယ်၊ ညဘက်မှာလည်း ကင်းလှည့်စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက်လည်းဆောင်ရွက်လျက်ရှိပါတယ်။ ညပိုင်းမှာ မီးမိန်းတွေချ၊ မချ၊ ရတနာရောင်းဝယ်ရေးစခန်းမှာ ဂါလန် ၄၀၀ ဆံ့တဲ့ မီးသတ်ယာဉ်တစ်စီးကိုလည်း အဆင်သင့်ထားရှိထားပါတယ်။ ကျောက်မျက်ရတနာစခန်းထဲမှာ မီးသတ်ရေငုတ် လေးငုတ်ကိုလည်းထားရှိပါတယ်။ ဆိုင်ခန်းတစ်ခန်းကို မီးသတ်ဆေးဘူးတစ်ဘူးစီထားရှိဖို့အတွက် စီစဉ်ထားပါတယ်။ မြို့နယ်မီးသတ်ဦးစီးဌာနနဲ့ကျွန်တော်တို့ဝန်ထမ်းတွေနဲ့ပူးပေါင်းပြီးတော့ လျှပ်စစ်မီးအန္တရာယ်မဖြစ်စေရေးအတွက် ဆိုင်ခန်းတွေကို လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးမင်းရဲထွန်းက ပြောသည်။

လပြည့်လကွယ်ပိတ်ရက်များတွင် ကျောက်ဝိုင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်သန့်ရှင်းရေးဌာနက သန့်ရှင်းရေးဝန်ထမ်းတွေနဲ့ချိတ်ဆက်ကာ ရေစီးရေလာကောင်းမွန်ဖို့အတွက် မြောင်းဆယ်ခြင်းနှင့် သန့်ရှင်းရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းအကျိုးတော်ဆောင်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မဟာအောင်မြေကျောက်ဝိုင်းအကျိုးတော်ဆောင်အဖွဲ့အနေနဲ့ သာရေး၊ နာရေး၊ ကထိန်ခင်းတာတွေ၊ သင်္ကြန်ပွဲတွေ လူမှုကူညီရေးလုပ်ငန်းတွေလည်း လုပ်ပေးတယ်။ ပါဝင်ဆောင်ရွက်ပေးပါတယ်၊ ကျောက်ဝိုင်းမှာ မီးဘေးအန္တရာယ်ကာကွယ်နိုင်ဖို့အတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးတယ်။ နေ့စဉ်နေ့တိုင်းလည်း ကျောက်နဲ့ပက်သက်လို့ ကိစ္စရပ်တွေ ပေါ်ပေါက်လာရင် အကျိုးတော်ဆောင်အဖွဲ့က ကူညီဖြေရှင်းပေးရပါတယ်" ဟု မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်လှိုင်က ပြောသည်။

မဟာအောင်မြေကျောက်ဝိုင်းကို မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိဖွင့်လှစ်ပြီး နေ့စဉ်ကျောက်အရောင်းအဝယ်လုပ်ကိုင်နေသူ လူဦးရေ လေးသောင်းကျော်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ဟု သိရသည်။

အဆိုပါကျောက်ဝိုင်းမှာ ရောင်းဝယ်ဖောက်ကားသူများ စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်ရေးအတွက် ရတနာစခန်းကို ဝင်ထွက်တဲ့ အချိန်မှာလည်း ဝင်ခွင့်ကတ်များ သေချာစစ်ဆေးခြင်း၊ လုံခြုံရေးအတွက် လှည့်လည်စစ်ဆေးခြင်း၊ လုံခြုံရေးကင်းလှည့်ခြင်း၊ သန့်ရှင်းသာယာလှပရေးအတွက်လည်း နေ့စဉ်သန့်ရှင်းရေးဝန်ထမ်းများဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့က ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ငါးဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန်လ ၁၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၄ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဇွန် ၁၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် မြဝတီမြို့နယ်အတွင်း စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကိုနေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာအထူးနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သော ကုန်ပစ္စည်းများတင်ဆောင်၍ တတိယအကြိမ် သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၇

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဒေသများအား ပြန်လည်ထိန်းချုပ်၍ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံသည့်ဒေသများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုများ၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများ အဆင်ပြေချောမွေ့စေရေးအတွက်လည်း တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်သုံးဆီများကို တတိယအကြိမ်အဖြစ် ပို့ဆောင်ပေးခဲ့သည့် မော်တော်ယာဉ်များသည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မော်တော်ယာဉ်များသည် မြစ်ကြီးနားမြို့အပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများမှ မန္တလေးမြို့၌ ကုန်စည်ကူးသန်းရောင်းဝယ်မည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ပြန်လည်တင်ဆောင်၍ မြစ်ကြီးနားမြို့မှ ဇွန် ၁၆ ရက်နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုများဖြင့် မန္တလေး- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများကို အချိန်မီပို့ဆောင် ဖြည့်ဆည်းပေးလျက်ရှိပြီး အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ လက်ရှိတွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များသည် အဆိုပါလမ်းကြောင်းတစ်လျှောက်၌ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မန္တလေးမှ မြစ်ကြီးနားသို့ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မြစ်ကြီးနားမှ မန္တလေးသို့ ပြန်လည်ထွက်ခွာလာမှုကို တွေ့ရစဉ်။

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ပျော်ဘွယ် ဇွန် ၁၇

ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ရုံးလူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာကျောင်း ငါးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဇွန် ၂၅ရက်တွင် ကျင်းပမည့် အခမ်းအနားတွင် ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲပြီးနောက် မြို့နယ်ရုံးတွင်ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သော အသိပညာပေးနံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

**အမှိုက်ပစ်လျှင် သတိယှဉ်**
**ရေနုတ်မြောင်းတွင် မပစ်နှင့်။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၁)၊ ဦးပိုင်အမှတ်(၅၃-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကုလား အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၂)ထပ်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ အဝီစိတွင်း၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူထံမှ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၃-၉-၂၀၂၀)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်-၄၇၃၄/၂၀၂၀အရ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရ၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးထွန်းအောင်ကျော် (အဘ)ဦးကံမြင့်(၈/ပခက(နိုင်)၂၀၂၉၂၅)နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အိရွှေစင် (အဘ)ဦးစံဦး (၉/မကန(နိုင်)၀၉၆၉၈၂)တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မင်းလေး (LL.B)** | **ဒေါ်အိအိဖွေး (LL.B)** | **ဦးစင်မင်းထိုက် (LL.B)** | **ဒေါ်ဆုမြတ်အောင် (LL.B)** | **ဒေါ်နီနီမြင့် (LL.B)** | **ဒေါ်ဆွေမြတ်စင်ဝင်း (LL.B)** | **ဒေါ်မေသူစာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(ပေ၃၀×၄၅ပေ)အကျယ်ရှိ ဦးတင်ငွေ အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ရှိလက်ရောက်ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ရီရီမွန် (ဘ)ဦးလှမြင့် (၁၂/ဥကမ(နိုင်)၁၇၅၅၉၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်သန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၇၉၈၅၅၄၇၂၁**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ ဦးပိုင်အမှတ်(၁၁၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်စန်းစန်းမြင့် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ် အဆောက်အအုံ အပါအဝင် ရေ+မီးမီတာ၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကြည်ကြည်ဝင်း (ဘ)ဦးကံချွန်(၉/မနတ(နိုင်)၀၃၄၇၆၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဦး (ဘ)ဦးကြည်ညွန့် (၅/ကဘလ(နိုင်)၁၀၇၉၀၁)မှ အထက်ပါ ဂရန်မြေကွက်နှင့်ပတ်သက်၍ ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူညီမှု ရရှိပြီးဖြစ်သောကြောင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီး ဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စောမွန်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်အမှတ်(မမ-၂၈)၊ တိုက်(၃၈)၊ အခန်း(၄)၊ မြရည်နန္ဒာအိမ်ရာ၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၈၄၁၄၈၄၇၊ ၀၉-၉၇၉၅၅၀၀၆၉**

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၃၉)အခြေခံပညာအထက်တန်းကျောင်း Grade-5 မှ **မောင်ဇင်သူဖြိုး** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးနေဖြိုးအောင်** ဖြစ်ပါသည်။

**ဦးနေဖြိုးအောင်(၉/ငဇန(နိုင်)၀၈၆၀၈၇)**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ·ထ·က(၁၄) အထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော **မငုံရွှေစင်** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်းကိုကိုသူ** ဖြစ်ပါကြောင်း။

**ဦးမင်းကိုကိုသူ(၉/ခမစ(နိုင်)၀၀၁၇၀၇)**

## မိဘအမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂) အ·လ·က (ခွဲ)ဆဋ္ဌမတန်းမှ **မောင်မိုးသက်ထွေး** ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးမင်းမင်းလတ်+ဒေါ်တင်လေးနွယ်** ဖြစ်ပါကြောင်း။

**ဦးမင်းမင်းလတ်(၉/မရမ(နိုင်)၀၈၉၃၄၆)**
**ဒေါ်တင်လေးနွယ်(၉/ပကခ(နိုင်)၀၇၁၉၂၈)**

## အမည်ပြောင်း

(ဘ)ဦးငွေစိုး၏သား မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်း Grade-7 မှ **မောင်အုပ်စိုးခန့်** အား **မောင်အောင်မင်းခန့်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်မင်းခန့်**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဖေယျာသီရိဘုန်းတော်ကြီးကျောင်း Grade-5 (A) မှ **မောင်ဟိန်းကျော်ဇော** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးအောင်သူ** ဖြစ်ပါသည်။

**ဦးအောင်သူ(၅/ငဇန(နိုင်)၀၇၀၉၈၃)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဖေယျာသီရိဘုန်းတော်ကြီးကျောင်း Grade-4 (A) မှ **မောင်စွမ်းပြည့်ကျော်** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးခင်မောင်ဆွေ** ဖြစ်ပါသည်။

**ဦးခင်မောင်ဆွေ(၅/မရန(နိုင်)၁၇၅၆၆၆)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဖေယျာသီရိဘုန်းတော်ကြီးကျောင်း Grade (3) မှ **မအိသဉ္ဇာလင်း** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးဆန်းလင်းသူ** ဖြစ်ပါသည်။

**ဦးဆန်းလင်းသူ(၅/ရတန(နိုင်)၂၁၀၅၅၅)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဖေယျာသီရိဘုန်းတော်ကြီးကျောင်း Grade-3 (A) မှ **မဇွဲသီဟသူ** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးအောင်သီဟသူ** ဖြစ်ပါသည်။

**ဦးအောင်သီဟသူ(၉/မကန(နိုင်)၁၀၂၆၅၂)**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ Future Rays ကိုယ်ပိုင်အထက်တန်းကျောင်း Grade (4) မှ **မရှုးရတီထက်** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးချစ်သူရရိုး** ဖြစ်ပါသည်။

**ဦးချစ်သူရရိုး(၉/မကန(နိုင်)၁၀၄၉၀၂)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဖေယျာသီရိဘုန်းတော်ကြီးကျောင်း Grade-(5) မှ **မောင်စွမ်းထက်အောင်** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးမျိုးမင်းထွန်း** ဖြစ်ပါသည်။

**ဦးမျိုးမင်းထွန်း(၉/မကန(နိုင်)၁၃၄၁၅၁)**

**လျှပ်စစ် သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၁၄၃)၊ ဦးပိုင်အမှတ်(၆၀၃)၊ ဧရိယာ(၀ ဒသမ ၀၆)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်သန်း အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ဆုံးခြမ်းဧရိယာ(၁၅ပေ×ပေ၅၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးဝင်း (ဘ)ဦးကြည်မြင့်(၉/မရတ(နိုင်)၀၁၆၉၀၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမော် (LL.B)** **ဒေါ်စင်စင်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၆၃လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၉၉၇၄၊ ၀၉-၄၀၁၅၁၇၇၇၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၂လမ်း၊ ၂၂လမ်းနှင့်၂၃လမ်းကြား၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၃)၊ ဦးပိုင်အမှတ်(၈)၏ မြေကွက်ပေါ်တွင် TSW ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်ထားသည့် အဆင့်မြင့် Condominium အနောက်ဘက်လှည့်တိုက်၏ တိုက်အမှတ်(B)မြောက်ဘက်ခြမ်း မြေညီထပ် အရှေ့အနောက် ပေ(၈၀)၊ တောင်မြောက် (၂၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လျှပ်စစ်မီတာ၊ ရေ အပါအဝင် သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး တိုက်ခန်း၏ ဥပစာတစ်ရပ်လုံးနှင့် နေထိုင်ခွင့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးညီညီနိုင် (ဘ)ဦးမြင့်နိုင်(၁၃/လရန(ဧည့်)၀၀၀၄၉၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းမြင့်ဦး(၉/မရတ(နိုင်)၁၃၀၃၃၆)၊ ဒေါ်ဝါဝါ(၉/မနမ(နိုင်)၀၅၀၄၅၄)တို့က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ပြောဆိုလိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မိမိအထောက်အထားပြသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းတို့တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၁၀လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၃၄၀၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၁)၊ ဦးပိုင်နံပါတ်(၇၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းအေးမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရန်ယုန်းကွေ(ဘ)ဦးကျိန်ကွယ်ဝမ်(၁၃/ကခန(နိုင်)၀၅၇၉၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်(၄)၊ အခန်း(၂၀၈)၊ ဒုတိယထပ်ရှိ တိုက်ခန်းတကွနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မေသူဝင်း(ဘ)ဦးမြင့်ဝင်း(ခ)ရီတာ(၉/ခမစ(နိုင်)၀၂၅၆၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၃)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၂၃၄၅၉၉၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝါးတန်းတောင်ရပ်တွင် တည်ရှိသော အရှေ့လားသော်-ရွာလယ်လမ်း၊ အနောက်လားသော်-ဦးသန်းကို၏မြေအစပ်၊ တောင်လားသော်-ဦးသန်းကို၏မြေအစပ်၊ မြောက်လားသော်-ဒေါ်စောနွယ်ဦး၏မြေအစပ် စသည့်နယ်လေးရပ်အတွင်းရှိ အရှေ့အနောက် (၂၆ပေ)၊ တောင်မြောက် (၁၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ဌမ်းစိန်(ဘ)ဦးသာခွေး(၉/အမရ(နိုင်)၀၁၄၉၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်သက်မာ (LL.B,D.B.L) ဒေါ်ချိုချိုသင်း (LL.B,D.B.L) ဒေါ်ရွှေရည်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**တံခွန်တိုင်၊ ဈေးတန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၁၄၁၉၂၊ ၀၉-၉၆၉၇၅၉၃၃၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၁)၊ ယခင် ဦးပိုင်အမှတ်(၃၁)၊ ယခု ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ (၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိသော မောင်ဆိပ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံနေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကျန်ငွေး(ပါ-၄)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်နိုင်ဝင်း (LL.B,B.Sc(Math;) Dip.in Tech(Civil)M.T.U)**
**အထက်တန်းရှေ့နေ**
**၈၉(F)လမ်း၊၄၁လမ်းနှင့်၄၂လမ်းကြား၊မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၁၇၉၂၈၄**

## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း Grade-12၊ အခန်း(A)မှ **မနန်းခမ်းငွေး**၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစွန်မောင်ဦး** ဖြစ်ပါသည်။

**ဦးစွန်မောင်ဦး**
**(၁၃/ဟပန(နိုင်)၀၅၁၇၁၁)**

## အမည်မှန်

(ဘ)ဦးသန်းမြင့်စိုး၏ သမီး မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တော်ဝင်ပညာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade (6) မှ **မသိမ့်စန္ဒီဇော်** ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မသိမ့်စန္ဒီသော်** ဖြစ်ပါကြောင်း။

**မသိမ့်စန္ဒီသော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N-3)၊ ဦးပိုင်အမှတ်(၁၅၂+၁၅၃) အတွင်းမှ အရှေ့အနောက် (၁၆)ပေ၊ တောင်မြောက် (၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရောက်ရရှိထားပြီး ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့် ဦးသီဟသူ(ဘ)ဦးတင်မောင်(၉/မထလ(နိုင်)၂၅၀၈၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလောက်စီးက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇေလင်းမောင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၁၁၇လမ်းနှင့် ၁၁၈လမ်းကြား၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၉၆၁၈၂၊ ၀၉-၉၅၁၀၃၂၉၆၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဦးတင်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီး၊ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်ဝင်း(ဘ)ဦးသင်း(၉/မရတ(နိုင်)၁၀၂၉၆၉)ထံမှ ကျွန်ုပ်အမှုသည်က အဆုံးပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းဖြူအောင် (LL.M) (တရားလွှတ်တော်ရှေ့နေ)**
**ရုံးခန်း – ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄)၊ ကွင်းအမှတ်(၄၁၅-N)၊ ဦးပိုင်အမှတ်(၇) ဧရိယာအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်အတွင်းမှ အရှေ့အနောက် (၁၆)ပေ၊ တောင်မြောက် (၂၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်သူဇာဝင်း(ဘ)ဦးသက်ဆွေ(၉/အမဇ(နိုင်)၀၅၄၀၀၃)၊ ဦးခင်မောင်ဝင်း(ဘ)ဦးသက်ဆွေ(၉/မနမ(နိုင်)၀၂၁၉၃၁) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျ (LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ**
**၅၈လမ်းနှင့် ၁၉(အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၅၀၈၉၀**

## တရားဝင် အကြင်လင်မယားဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်မ မနန်းခမ်းလှိုင်း(၁၃/မဆတ(နိုင်)၀၃၁၃၈၀)နှင့် ကိုရန်ငြိမ်းအောင်(၉/ခအဇ(နိုင်)၀၁၁၄၄၇)တို့သည် (၁၄-၂-၂၀၁၂) ရက်မှစ၍ အကြင်လင်မယားအဖြစ် မြန်မာဓလေ့ထုံးတမ်းစဉ်လာအရ တရားဝင် လူသိရှင်ကြား ပေါင်းသင်းနေထိုင်ခဲ့ရာ သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ကျွန်မနှင့် ကိုရန်ငြိမ်းအောင်တို့သည် ယနေ့အချိန်ထိ ကွာရှင်းပြတ်စဲခြင်း အလျဉ်းမရှိဘဲ တရားဝင် အကြင်လင်မယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနန်းခမ်းလှိုင်း(၁၃/မဆတ(နိုင်)၀၃၁၃၈၀)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်၊ အကွက်အမှတ်(၈၆)၊ ဦးပိုင်အမှတ်(၁၄)အတွင်းမှ အရှေ့အနောက် (၃၇)ပေ၊ တောင်မြောက် (၁၉)ပေ ဧရိယာအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ နံကပ်အာရ်စီ(၂)ထပ်တိုက်(၁)လုံး၊ ရေမီတာ၊ မီးမီတာတို့ကို လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဒေါ်ခင်မျိုးမြင့်(ဘ)ဦးကျော်ရှန်(၉/မနမ(နိုင်)၀၀၃၉၃၇)ကိုင်ဆောင်သူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စများကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**(Liberal) ဥပဒေအကျိုးဆောင်**

| | |
|---|---|
| **ဦးကျော်ဇင် (LL.B, D.B.L)** | **ဦးစိုးရန်ပိုင် (LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အကွက်(၄၈၀-က)၊ သာမိုးတောင်ရပ်၊ တမ္ဘဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၄၀၂၇၆၄၃၃၆၊ ၀၉-၄၄၉၉၄၇၇၆၂**

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၇

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက် (၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။ မိုး/ဓလ



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံတစ်လုံးအား စနစ်တကျထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၁၇

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၃ သို့ ❑

## လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကမ္မ-မြိုင်သွား ကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၂၀ အား ထပ်မံဖယ်ရှားရှင်းလင်းနိုင်ခဲ့




မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကမ္မ-မြိုင်သွား ကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၂၀ အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့မှု နေရာပြပုံ။

နေပြည်တော် ဇွန် ၁၇

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့နယ်၊ ကမ္မမြို့နှင့် မြိုင်မြို့နယ်သို့ဆက်သွယ်ထားသည့် ကမ္မ-မြိုင်သွားကားလမ်းတစ်လျှောက်တွင် ဖြတ်သန်းသွားလာသူများ ထိခိုက်၊ ပျက်စီး၊ သေဆုံးစေရန်၊ သွားလာရေးခက်ခဲစေရန် ယုတ်မာသောရည်ရွယ်ချက်ဖြင့် ကတ္တရာလမ်းအား ကျင်းတူးပြီး ဆီပီပါခွံများဖြင့် ကားမိုင်းအဖြစ်ပြုလုပ်ကာ မိုင်းထောင်ပိတ်ဆို့ထားရှိကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်

စာမျက်နှာ ၁၃ သို့ ●

## ပီယာဆော့ဂျ်ကို နည်းပြသစ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းခန့်အပ်



လန်ဒန် ဇွန် ၁၇

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပီယာဆော့ဂျ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ပီယာဆော့ဂျ်သည် နည်းပြဘဝတစ်လျှောက်တွင် လိုင်ယွန်၊ လန်းစ်စသည့်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၇)နှစ်အရွယ်ရှိ ပီယာဆော့ဂျ်က 'ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(NGB)

## ဘာနာဒိုဆေးလ်ဗားကို ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

မက်ဒရစ် ဇွန် ၁၇

ရီးရဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်းနှင့် လမ်းခွဲခဲ့သည့် ကွင်းလယ်ကစားသမား ဘာနာဒို ဆေးလ်ဗားကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ် ကစားသမား ဘာနာဒိုဆေးလ်ဗားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၆၀ ကစားကာ ၇၆ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကူကူရယ်လာ၊ ဘာနာဒိုဆေးလ်ဗား စသည့် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

နိုင်ကမ္ဘာ

၀-၀-၀-၀-၀

